
စိတ်ကူးချိုချိုစာအုပ်တိုက်

# ကဗျာဆရာတို့ဒေါဝတ္ထုတို





သူစွာနီ၊
မအိ၊
မောင်ပြည့်မင်း၊
အောင်ဝေး၊
မောင်ခင်သာ(မြင့်)၊
ဇေယျာလင်း၊
ထွန်းဝေမြင့်၊
မြမွန်၊
နေမျိုး၊
မိုယ်းဇော်၊
မင်းထက်မောင်၊
ဝင်းမောင်၊
နိုင်မွန်အောင်သွင်၊
မင်းဆွေနှစ်(မုံရွာ)၊
ကိုရွေး၊
နိုင်သစ်နီ၊
မိုးဝေး၊
မနော်ဟာရီ၊
မောင်နီဦး၊
အိန္ဒြာ၊
ဇော်လူစိမ်း၊
စိုင်းဝင်းမြင့်၊
ဝေမှူးသွင်၊
ပန်ဒိုရာ၊
မြေမှုန်လွင်။

KLS0105
2,500.00 KS

mgyoe.com

ကဗျာဆရာတို့၏ဝတ္ထုတို၊ စီစဉ်သူ-မင်းထက်မောင်
စာမျက်နှာ ၁၇၈ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၇၇၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ အောက်တိုဘာလ၊ ပထမအကြိမ်

ရောင်းဈေး ၂၅၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

# ကဗျာဆရာတို့၏ဝတ္ထုတို

စီစဉ်သူ–မင်းထက်မောင်

ပထမအကြိမ်၊ ၂၀၁၇

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | | |
|---|---|---|---|
| – | စီစဉ်သူ့ စကား | | က |
| ၁။ | ဘူတာရုံ | သစ္စာနီ | ၁ |
| ၂။ | အန္တိမ တမ်းချင်း | မအိ | ၅ |
| ၃။ | လက်ရွေးစင် | မောင်ပြည့်မင်း | ၉ |
| ၄။ | အလွမ်းပင်လယ် | အောင်ဝေး | ၁၂ |
| ၅။ | သိက္ခာရှိသောလူတစ်ယောက် | မောင်ခင်သာ(မြင့်) | ၁၃ |
| ၆။ | ခေါင်းစည်းကြိုးလေးတစ်ခုရဲ့ တချွင်ချွင်မြည်သံ | ဇေယျာလင်း | ၃၉ |
| ၇။ | မျက်နှာတွေကို သေချာကြည့် | ထွန်းဝေမြင့် | ၄၄ |
| ၈။ | အဝေးရောက်သစ်တစ်ပင် | ဖြူမွန် | ၅၀ |
| ၉။ | တွေ့ခဲ့ဖူးတဲ့ ကျားတစ်ကောင် | နေမျိုး | ၅၂ |
| ၁၀။ | ဆေးရုံလမ်း | မိုယ်းဇော် | ၆၃ |
| ၁၁။ | ကနဲ့သတ်မွှေပျော်ရာ | မင်းထက်မောင် | ၆၉ |
| ၁၂။ | အရိပ်ထဲမှ မွန်းတည့်ချိန်များ | ဝင်းမောင် | ၇၃ |
| ၁၃။ | ဖရီးပိုင်ဖိုင် | နိုင်မွန်အောင်သွင် | ၈၀ |
| ၁၄။ | ကဗျာဖြစ်သွားတဲ့ညနေ | မင်းဆွေနှစ်(မုံရွာ) | ၈၅ |
| ၁၅။ | ပျောက်ဆုံးသွားတဲ့ညတွေ | ကိုရွှေ | ၉၀ |
| ၁၆။ | ဝင်္ဂတရား | နိုင်သစ်နီ | ၉၆ |


mgyoe.com

mgyoe.com


| | | | |
|---|---|---|---|
| ၁၇။ | လမ်းတစ်ဖက်မှာ ဘာမှမရှိဘူးဆိုလျှင် ကျွန်တော်ဖြတ်ကူးမိမှာ အမှန်ပင် | မိုးဝေး | ၁၀၀ |
| ၁၈။ | တစ်ယောက်ယောက် | မနော်ဟရီ | ၁၀၅ |
| ၁၉။ | ပစ္စုပ္ပန်ရဲ့အရသာ | မောင်နီဦး | ၁၁၀ |
| ၂၀။ | အချစ်၏ ပဥ္စငါးပါး | အိန္ဒြာ | ၁၁၅ |
| ၂၁။ | လေတိုက်ပျင်းသော နေ့ရက်တွေ | ဇော်လူစိမ်း | ၁၂၇ |
| ၂၂။ | အခုလို မိုးရွာနေချိန်မှာ အခုလို ဓာတ်ကြိုးတွေအောက် လမ်းမလျှောက်ဖို့ | စိုင်းဝင်းမြင့် | ၁၄၈ |
| ၂၃။ | ထွက်ခွာရာပြပုဒ် | ဝေမှုူးသွင် | ၁၅၂ |
| ၂၄။ | မြိုင်တို့အကြောင်း | ပန်ဒိုရာ | ၁၅၆ |
| ၂၅။ | မရှိခြင်းညနေ | မြေမှုန်လွင် | ၁၇၂ |


❑

mgyoe.com

mgyoe.com



# စီစဉ်သူ့ စကား

(၁)

မြန်မာစာပေသမိုင်း အထောက်အထားများအရ ကျွန်တော်တို့နိုင်ငံမှာ ဝတ္ထုတိုရယ်လို့ ရေးသားပေါ်ထွန်းလာခဲ့တာ အခု ၂၀၁၇ ခုနှစ်ဆိုရင် နှစ်တစ်ရာပြည့်မြောက်ခဲ့ပြီဖြစ်ကြောင်း သိရပါတယ်။ ဒီအထိမ်းအမှတ်အဖြစ် စိတ်ကူးချိုချိုစာအုပ်တိုက်က **"မြန်မာဝတ္ထုတိုရာပြည့်ရက်သတ္တပတ်"**ဆိုပြီး စာပေလှုပ်ရှားမှု၊ စာပေပွဲတော်တစ်ခုကို ရန်ကုန်မြို့က Myanmar Book Plaza မှာ ကျင်းပပြုလုပ်သွားဖို့လည်း ရှိပါတယ်။

အဲဒီပွဲမှာ ဝတ္ထုတိုနဲ့ပတ်သက်ပြီး စာရေးဆရာတွေ၊ စာပေပညာရှင်တွေက စာတမ်းတွေဖတ်ကြ၊ စာပေစကားဝိုင်းတွေဖွဲ့ကြ၊ ရေးသူဖတ်သူဆွေးနွေးပွဲတွေလုပ်ကြဖို့ စီစဉ်ထားကြောင်းလည်း သိရပါတယ်။ ဒါ့အပြင် မြန်မာဝတ္ထုတိုလောကထဲ ထင်ရှားတဲ့သူတွေရဲ့ လက်ရွေးစင်ဝတ္ထုတိုစာအုပ်ကလေးတွေ အမှတ်တရ ထုတ်ဝေသွားဖို့ ကြိုးပမ်းလျက်ရှိတာကိုလည်း တွေ့ရပါတယ်။ မင်္ဂလာရှိသောအားထုတ်ခြင်း၊ မမေ့လျော့သော သယ်ပိုးမှုလို့ဆိုရမယ့် ဒီဝတ္ထုတိုရာပြည့်ပွဲမှာ တစ်ထောင့်တစ်နေရာကနေ ပါဝင်အားဖြည့်ပေးတဲ့အနေနဲ့ **'ကဗျာဆရာတို့၏ဝတ္ထုတို'**လို့ အမည်ပေးထားတဲ့ ဒီစာအုပ်ကလေးကို စာပေစိတ်နဲ့ စီစဉ်ပေးဖြစ်ခဲ့ပါတယ်။

mgyoe.com

mgyoe.com



(၂)

ကျွန်တော်တို့စာပေလောကမှာ စကားပြေရော ကဗျာပါနှစ်မျိုးစလုံးရေးသားကြသူတွေရှိသလို တချို့ကလည်း တစ်မျိုးတည်းကိုသာ ရေးသားကြပါတယ်။ ရသစာပေဖန်တီးမှုအပိုင်းမှာ ဝတ္ထု၊ အက်ဆေးလို စကားပြေအထူးပြုရေးသားကြသူတွေကို စကားပြေသမား (စာရေးဆရာ)၊ ကဗျာအလင်္ကာ အထူးပြုရေးသားကြသူတွေကို ကဗျာသမား (ကဗျာဆရာ)ရယ်လို့လည်း သတ်မှတ်ခေါ်ဝေါ်လေ့ရှိကြပါတယ်။ ကဗျာနဲ့စကားပြေ နှစ်တွေလုံးရေးပေမဲ့လည်း သူ့ရေးဖွဲ့မှုအားသန်ရာကို လိုက်လို့ သူကကဗျာသမား၊ သူကစကားပြေသမားဆိုပြီး ခွဲခြားသတ်မှတ်ကြတာမျိုးတွေလည်း ရှိပါတယ်။ ထားပါတော့။

ကဗျာသမား၊ ကဗျာဆရာရယ်လို့ ထင်ရှားသူအတော်များများဟာ ဝတ္ထု၊ အက်ဆေး၊ ဆောင်းပါးစတဲ့ စကားပြေအရေးအသားပုံစံမျိုးနဲ့ အရေးနည်းလေ့ ရှိကြပါတယ်။ တချို့လည်း စကားပြေကို လုံးဝမရေးဆိုသလောက် အာရုံလာရာ ကဗျာတစ်မျိုးတည်းကိုသာ စူးစူးစိုက်စိုက် ရေးသားကြတာတွေ့ရပါတယ်။ ဒီလိုဆိုလိုက်လို့ ကဗျာဆရာစစ်စစ်တွေဟာ စကားပြေမရေးကြလို့ သိမ်းကျုံးပြီး ယတိပြတ်ဆိုလိုခြင်းမျိုး မဟုတ်ပါ။ ကဗျာမှာရော စကားပြေမှာပါ နှစ်မျိုးစလုံးကို ခံစားမှု၊ ရေးဖွဲ့မှုအားကောင်းကောင်းနဲ့ တစ်ပြိုင်နက်ရေးသားနေကြသူတွေလည်း အခိုင်အမာရှိကြပါတယ်။ (အခု ဒီစာအုပ်ထဲမှာလည်း အဲဒီလိုရေးသားသူမျိုးတွေ ပါဝင်ပါတယ်) ဒီနေရာမှာ အဓိကပြောချင်တာကတော့ ကဗျာသမား၊ ကဗျာဆရာတို့ ရေးသားကြတဲ့ စကားပြေအရေးအသားဟာ သူ့ကဗျာလက်ရာတွေထက်စာရင် တွေ့ရမြင်ရခဲတဲ့ ရှားရှားပါးပါး လက်ရာဖြစ်ကြောင်း ဆိုလိုချင်တာပါ။

ဟုတ်ကဲ့၊ အဲဒီကဗျာဆရာတွေရဲ့ ရံဖန်ရံခါမှသာ တွေ့ရလေ့ရှိတဲ့ စကားပြေလက်ရာတွေဟာလည်း တစ်ခါတလေမှာ အတော့်ကို ထူးခြားနေတတ်ပါတယ်။ ရသဖန်တီးမှုဖြစ်တဲ့ ဝတ္ထုတို့၊ အက်ဆေးတို့မှာ ဇာတ်လမ်းအကြောင်းအရာအရလည်း ကောင်း၊ စိတ်ကူးအတွေးအခေါ်အရလည်းကောင်း၊ အရေးအသားပုံသဏ္ဍာန်အရလည်း

mgyoe.com

mgyoe.com



ကောင်း မြင်နေကျ၊ ဖတ်နေကျ ပုံစံမျိုးမဟုတ်ဘဲ တစ်မျိုးကွဲပြားခြားနားနေတတ်တာမျိုးပါ။ (သူတို့ရေးသားတိုင်း အမြဲတမ်းတော့လည်း ဒီလိုမျိုး ဟုတ် ချင်မှဟုတ်မှာပါ။ ဒါကြောင့် ရှေ့မှာ 'တစ်ခါတလေ'လို့ စကားခံခဲ့ပါတယ်) ဘယ်လိုပဲဖြစ်ပါစေ၊ ကဗျာဆရာတွေ ရေးသားကြတဲ့ စကားပြေလက်ရာတွေဟာ ရှားပါးပြီး အနည်းငယ်ထူးခြားတတ်လေ့ရှိတယ်ဆိုတဲ့အကြောင်း ဒီနေရာမှာ ရိုးရိုးရှင်းရှင်း ပြောခဲ့ချင်ပါတယ်။

(၃)

အခြားဘာမှမဟုတ်ဘဲ အထက်မှာ ကျွန်တော်ပြောခဲ့သလို ကဗျာဆရာတို့ရဲ့ ရှားပါး၊ ထူးခြားတတ်လေ့ရှိတဲ့ စကားပြေလက်ရာ တချို့ကို စုစည်းထုပ်ပိုးလို့ တင်ဆက်လိုတဲ့စိတ်နဲ့ ဒီစာအုပ်ကို စီစဉ်ဖြစ်ခဲ့ခြင်းပါ။ ဒီစာအုပ်ထဲမှာတော့ ကဗျာရေးသူ၊ ကဗျာဆရာအဖြစ် လူသိများသူ ၂၅ ဦးရဲ့ ဝတ္ထုတိုလက်ရာ ၂၅ ပုဒ်ကို စုစည်းဖော်ပြပေးထားပါတယ်။ ရေးသားတဲ့ လက်ရာချင်းတစ်ယောက်နဲ့တစ်ယောက် တူညီကြမှာ မဟုတ်သလို ရေးသားခဲ့ကြတဲ့ အချိန်ကာလအားဖြင့်လည်း ကွာခြားကြမှာ ဖြစ်ပါတယ်။ အတော်များများက ပုံနှိပ်မီဒီယာတွေမှာ ဖော်ပြခဲ့ပြီးဖြစ်သလို သက်တမ်းအားဖြင့် ၁၀ နှစ်၊ အနှစ် ၂၀ ကျော်ပြီဖြစ်တဲ့ ဝတ္ထုတို တချို့လည်း ပါဝင်ပါတယ်။ ဒီအထဲက တချို့လက်ရာ အနည်းငယ်ကတော့ မကြာမတင်ကရေးသားထားပြီး ဘယ်မှာမှ ဖော်ပြဖူးခြင်း မရှိသေးတဲ့ လက်ရာတွေပဲဖြစ်ပါတယ်။ ဒါပေမဲ့လည်း စာဖတ်သူတွေအနေနဲ့ ဖတ်ရှုအတွေးပွားပြီး တစ်စုံတစ်ရာ ကျေနပ်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။

နောက်ထပ်ပြောချင်တာတစ်ခုကတော့ အချိန်တိုအတွင်း အလျင်အမြန် စုစည်းရတဲ့ စာအုပ်ဖြစ်တာမို့ ကဗျာဆရာတွေ စုံဖို့ စေ့ဖို့ အများအပြား ပါဝင်ဖို့တော့ ဘယ်လိုမှမတတ်နိုင်ခဲ့ပါ။ နောင်အခွင့်သင့်ရင်တော့ **'ကဗျာဆရာတို့၏ဝတ္ထုတို ၂/၃/၄'၊ 'ကဗျာဆရာတို့၏ အက်ဆေး'စတဲ့** စုစည်းမှုစာအုပ်တွေ ဆက်လက်ထွက်ပေါ်နိုင်

mgyoe.com

mgyoe.com



အောင် အားထုတ်သွားမှာဖြစ်ပါကြောင်းနဲ့ ဒီစာအုပ်အတွက် လိုအပ်တဲ့ စာမူတွေကို အချိန်မီ ချီးမြှင့်ပေးခဲ့ကြတဲ့ မိတ်ဆွေကဗျာဆရာအပေါင်း ကို အထူးကျေးဇူးတင်ရှိကြောင်း ဆိုပါရစေ။

ရျစ်ခင်လေးစားလျက်...
မင်းထက်မောင်
၅၊ ၉၊ ၂၀၁၇။

❑

mgyoe.com

yoe.com


# ဘူတာရုံ

သစ္စာနီ

နံ့ချာစုတ်ပြတ်သော ဘူတာရုံလေးတစ်ရုံ ဖြစ်သည်။ သို့သော် ဘူတာရုံလေး၏ အဆင့်အတန်းနှင့် မလိုက်အောင်ပင် ခရီးသည် အဝင်အထွက် များနေတာက ဤဘူတာလေး၏ ထူးခြားမှုတစ်ခု ဖြစ်၏။

ဤဘူတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်သူမှမသိ။ မီးရထား မပေါ်မီကပင် ရှိနေခဲ့ပုံရ၏။ ဘူတာရုံ၏ စည်းရိုးများမှာ ပြိုပျက်နေသည်။ တံခါးရွက်တွေ ကျိုးပဲ့နေသည်။ ပြတင်းမှန်တွေ ကွဲရှနေသည်။ ထို့ကြောင့် ဆိတ်နဲ့နွားလို တိရစ္ဆာန်တွေ အလိုရှိတိုင်း ဝင်ထွက်နေသည်။ ခွေးလေခွေးလွင့်တွေက ဘူတာစင်္ကြံကို သူတို့တောအုပ်လို မင်းမူနေသည်။ ပုံကျစေးသည်များ စွန့်ပစ်လိုက်သည့် စားကြွင်းစားကျန်များကို ကျီးများနှင့် မြေကြွက်များ လုယက်စားသောက်နေကြသည်။

ဘူတာရုံ၏အမည်ကို သိသူ မရှိ။ ရေးထားသောဆိုင်းဘုတ်မှာ ဟောင်းလွန်းသဖြင့် စာလုံးများ ပျက်ပြယ်နေလေပြီ။ ဘူတာရုံတွင် မျက်နှာထားဆိုးဆိုးနှင့် လက်မှတ်ရောင်းသူ တစ်ဦးသာ ရှိ၏။ (သူက သူ့ကိုယ်သူ ဘူတာရုံပိုင်ဟုလည်း ပြောသည်။) သူသည် ပင်စင်ယူမည့်အရွယ်ထက်ပင် တော်တော်ကျော်လွန်နေလေပြီ။ သူ့နေရာကို တာဝန်ယူရမည့်သူ ရောက်မလာသဖြင့် သူပဲ ဆက်တာဝန်ယူနေရသည်ဟု ဆိုပါသည်။ သူသည် လက်မှတ်တစ်မျိုးတည်းကိုသာ ရောင်း၏။ ဝယ်သူကို ဘယ်သွားမှာလဲဟု မေးလေ့မရှိ။ လက်မှတ်ရှိသူသည် ဤဘူတာသို့ ဆိုက်ရောက်လာသည့် မည်သည့်ရထား (အစုန်ဖြစ်စေ၊

mgnyoe.com

အဆန်ဖြစ်စေ) စီးနင်းနိုင်၏။ လက်မှတ်စစ်မရှိ။ လက်မှတ်မဲ့ ခိုးစီးသူလည်း မရှိ။

ဤဘူတာ၏တစ်ခုတည်းသော ထူးခြားချက်မှာ ဘူတာတွင် ရထားလမ်း ရှိမနေခြင်းပင် ဖြစ်သည်။ ရထားဆိုက်ရောက်လာခါနီးမှ ဘူတာတွင် ရထားသံလမ်းက အလိုအလျောက် ပေါ်လာသည်။ ရထားထွက်ခွာသွားလျှင် ဘူတာမှ ရထားသံလမ်းလည်း ပြန်လည်ပျောက်ကွယ်သွားသည်။ ဘူတာရုံတွင် ရထားဆိုက်ရောက်မည့်အချိန်နှင့် ထွက်ခွာမည့် အချိန်ဇယားကို ချိတ်ဆွဲပြသထားခြင်း မရှိ။ ရထားသည် ဆိုက်ရောက်ချင်သည့်အချိန် ဆိုက်ရောက်၍ ထွက်ခွာချင်သည့်အချိန် ထွက်ခွာပေလိမ့်မည်။ ဒါကြောင့် ရထားစီးမည့်သူသည် အမြဲ ဘူတာရုံမှ စောင့်စားနေရသည်။

တစ်ဦးတည်းသော လက်မှတ်ရောင်းသူက–

"တကယ်တော့ အချိန်ဆိုတာ မရှိဘူးဗျာ။ ဘာကြောင့်မရှိတဲ့အချိန်ကို ခင်ဗျားတို့ မေးနေရတာလဲ။ ခင်ဗျားတို့ သုံးနေတဲ့ နာရီဆိုတာကလည်း နှိုင်းရစမ္မတရားရဲ့ သင်္ကေတ တစ်ခုပဲ။ ရထား ဘယ်တော့ဆိုက်မလဲ၊ ဘယ်တော့ ထွက်ခွာမလဲ၊ ကျွန်တော်မသိဘူး"

ဟု ပြောတတ်သည်။ ဒါကြောင့် လိုရာခရီးသွားရန် ဘူတာရုံတွင် သုံးရာသီလုံး လူတွေ ပြည့်လျှမ်းနေတတ်သည်။ ရထားစောင့်သူများထဲတွင် တက္ကသိုလ်ပါမောက္ခ၊ ဆိုက်ကားသမား၊ ပြည့်တန်ဆာ၊ ကျောင်းဆရာ၊ ခေါင်းရွက်ဗျပ်ထိုးဈေးသည်၊ နိုင်ငံရေးသမား၊ ခြေသလုံးအိမ်တိုင်၊ လယ်သမား၊ သူပုန်၊ ဥယျာဉ်မှူး၊ ကျောင်းသူ၊ ရုပ်ရှင်ဇာတ်ရုံ၊ ပင်စင်စား၊ စစ်သား စသဖြင့် လူပေါင်းစုံပါသည်။ တချို့က အစုန်ရထား စီးမည်။ တချို့ အဆန်ရထားစီးမည်။ ထိုအထဲတွင် ကြုံရာရထား၊ သင့်ရာ ရထားစီးမည့်သူတွေလည်း ပါ၏။

သူလည်း ရထားစောင့်နေသူတွေထဲက တစ်ယောက်ဖြစ်သည်။ သူ ဤဘူတာရောက်တာ ရထားစောင့်နေတာ ဘယ်လောက်ကြာပြီလဲ။ မပြောတတ်။ သူ ဘာကြောင့် ဤဘူတာက ထွက်မသွားသေးတာလဲ မပြောတတ်။ သူ့တွင် ရထားစောင့်ရမည့် အလုပ်ကလွဲ၍ အခြားအလုပ်မရှိတာကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဘူတာရုံတွင် ရှိနေကြသူတိုင်း ဤစောင့်စားရခြင်း၌ အသားကျနေကြပုံရသည်။ ဘူတာမှာပင် နေ့ညရက်နှစ်တွေ ပြောင်းသွားသည်။ သူတို့ ဘူတာမှာပင် အိပ်ကြ၊ စားကြသည်။ ဘူတာမှာပင် ရယ်မောကြ၊ ကြေကွဲကြသည်။ တချို့ကို ကြည့်ရသည်မှာ ဤဘူတာတွင် ရထားစောင့်စားနေရသည်ဆိုသောအဖြစ်ကို မေ့လျော့နေပုံရ၏။ သို့သော် အချိန်တန်၍ ရထားဆိုက်ရောက်လာသောအခါ သူတို့ မေ့လျော့နေသည်ကို သတိရကြစမြဲဖြစ်သည်။

mgyoe.com

ထိုနေ့က ခပ်ဝေးဝေးမှ ရထားဥသြသံကို ကြားရတော့ သူသည် စင်္ကြံတွင် ခရီးဆောင်သေတ္တာကို ဖင်ခုထိုင်ရင်း **ဟိုးမား၏ အိုဒက်ဆီကဗျာရှည်ကြီး**ကို ဖတ်နေခိုက်ဖြစ်သည်။ ယူလီစီး ပြည်တော်ပြန်ခန်း ရောက်နေလေပြီ။ ဥသြသံနှင့် မရှေးမနှောင်းမှာပင် ရထားသံလမ်းကြီး ပေါ်လာသည်။ ဘူတာရုံတစ်ခုလုံးမှ လူတွေ လှုပ်လှုပ်ရွရွ ဖြစ်လာကြသည်။ တချို့က ဤရထားနှင့်လိုက်မည်။ တချို့က မလိုက်သေး။ အသက် ၇၀ ခန့်ရှိသော ခပ်ချောချော အမျိုးသမီးကြီးသည် ဤရထားက ဘယ်ကိုရောက်မှာလဲဟု လူတကာကို လိုက်မေးနေ၏။ သို့သော် တိတိကျကျ ဖြေနိုင်သူ မရှိ။

သူက (ဟိုးမား၏စာအုပ် ဖတ်နေသူ)ထိုင်ရာမှထကာ သေတ္တာဆွဲရင်း ကျွန်တော်ရှိရာ လျှောက်လာသည်။ ပြီးတော့ ကျွန်တော့်ကို စာအိတ်တစ်အိတ်လှမ်းပေး၏။ ဘုမသိဘမသိ ကျွန်တော်က သူပေးသောစာအိတ်ကို ယူလိုက်တုန်းမှာ သူက ဘူတာစင်္ကြံပေါ်မှနေ၍ အရှိန်ဖြင့် ဝင်လာသော ရထားရှေ့သံလမ်းပေါ် ခုန်ချလိုက်လေသည်။ လူတွေ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ ရထားကြီး ပြန်လည်ပျောက်ကွယ်သွားသောအခါ ဘူတာရုံ မြေပြင်တွင် လဲကျသေဆုံးနေသော သူ့ကို တွေ့ရသည်။ သူက အသက် ၂၅ နှစ်ခန့် လူငယ်တစ်ဦး ဖြစ်သည်။ သူ ဘာကြောင့် ရထားရှေ့ ခုန်ဆင်းခဲ့ရသလဲ။ တချို့ ယူဆသလို ကျွန်တော်ကတော့ 'ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံခြင်း'ဟု မယူဆ။

လူတချို့က ကျွန်တော့်ကို သေဆုံးသွားသူအကြောင်း မေးကြသည်။ သူက မသေခင် ကျွန်တော့်ကို စာအိတ်ပေးခဲ့တာမြင်သဖြင့် ကျွန်တော်နှင့် သိကျွမ်းသူဟု ယူဆကြဟန်ရှိ၏။ တကယ်တော့ သေဆုံးသွားသော လူငယ်ကို ကျွန်တော် မသိ။ လူတွေက ထိုအခါ ကျွန်တော့်လက်ထဲက စာကို စိတ်ဝင်စားလာသည်။ ဒီစာထဲမှာ ဘာတွေရေးထားခဲ့သလဲ။ ဒါက ဒီလူငယ်ကို သိဖို့အတွက် သဲလွန်စတစ်ခု ဖြစ်မည်။ သို့သော် ဒီစာကို ကျွန်တော်က ဘယ်သူ့ကိုမှ မပြနိုင်။ ဒီစာက ကျွန်တော်နှင့် လူငယ်သာ သက်ဆိုင်သည်။ သူတို့နှင့် သက်ဆိုင်သောအရာ မဟုတ်။ ဒါက စောင့်စည်းရမည့် စည်းကမ်းဟု ထင်သည်။ (ဒီစာကို ဖွင့်မဖတ်လည်း ကျွန်တော် မီးရှို့ပစ်ချင်ပစ်မည်။)

ဒီတော့ လူတွေက အမျိုးမျိုးထင်မြင်ချက် ပေးကြသည်။

လူငယ်သည် ချမ်းသာကြွယ်ဝသော အိမ်ရှေ့မင်းသားတစ်ဦးဖြစ်ကာ စာအိတ်ထဲတွင် ကျွန်တော့်ကို သူ့ပိုင်ဆိုင်ခွင့်တွေ လွှဲအပ်ပေးခဲ့သော သေတမ်းစာဟု ဆိုသည်။ ထိုမင်းသားတွင် ရဲတိုက်တစ်ခု၊ နှင်းဆီပန်းခြံတစ်ခုနှင့် စီး၍ရသော မိုးပျံနိုင်သည့် နဂါးတစ်ကောင်ရှိသည်ဟုပင် ချဲ့ကားပြောသူက ပြောသည်။

mgyoe.com

တချို့ကတော့ ထိုစာအိတ်ထဲတွင် စာရွက်တစ်ရွက်ရှိကာ ထိုစာရွက်မှာ တော်လှန်ရေး အလံတစ်ခု၏ပုံ ဖြစ်သည်ဟု ပြောသည်။ ကျွန်တော်က ဒီတော်လှန်ရေးအလံကို နှင်းဖုံး တောင်တန်းကြီး၏ တစ်ဖက်တွင်ရှိသော သူများထံ သွားရောက်ပို့ဆောင်ရမည်။ တော်လှန်ရေးအလံ ရောက်ရှိလာပါက သူတို့တော်လှန်ရေးကို စတင်ရန် စောင့်စားနေကြသည် ဟု ဆိုသည်။

တချို့ကလည်း သေဆုံးသွားသော လူငယ်သည် သိုက်ဆရာတစ်ဦးဖြစ်ကာ ဥစ္စာစောင့်တို့ ဖြားယောင်းသဖြင့် ရထားရှေ့ ခုန်ချသွားခြင်း ဖြစ်သည်။ စာအိတ်ထဲတွင်ရှိသော အရာမှာ သိုက်စာမြေပုံအညွှန်း ဖြစ်မည်ဟု ပြောကြပြန်သည်။

တချို့က လူငယ်ဇာတ်ကြောင်းကို ရိုမီယိုနဲ့ ဂျူးလီယက်ကဲ့သို့ ကြေကွဲဖွယ် အချစ်ဇာတ်လမ်းဆန်ဆန်၊ တချို့က လျှို့ဝှက်သည်းဖို စုံထောက်ဇာတ်လမ်းဆန်ဆန် တချို့က လျှို့ဝှက်သည်းဖိုစုံထောက် ဇာတ်လမ်းဆန်ဆန် (ထိုလူငယ်သည် သံကန့်လန့်ကာ နိုင်ငံကြီးတစ်နိုင်ငံမှ ထွက်ပြေးလာသော သူလျှိုတစ်ယောက်ဟု ပြောသည်)၊ တချို့က ဘဝသရုပ်ဖော် ဝတ္ထုဆန်ဆန် (ထိုသူမှာ ဆင်းရဲနွမ်းပါးကာ မိသားစုတာဝန် မထမ်းဆောင်နိုင်တော့၍)၊ တချို့က ယုံတမ်းပုံပြင်ဆန်ဆန် ပြောကြသည်။

ကျွန်တော်ကိုယ်တိုင် တွေဝေနေသည်။ လက်ထဲက စာအိတ်ကို ဖွင့်ထုတ်ကာ ကြည့်ရမလား။ မကြည့်သင့်ဘူးလား။ ထိုအခါ အဝေးမှ မီးရထားဥသြသံ ကြားရသည်။ ဘူတာရုံမြေပြင်တွင် ရထားသံလမ်းကြီး ပေါ်လာသည်။ ဒီရထားဟာ ကျွန်တော့်အတွက်ပဲ။ ဘူတာရုံတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်နေကြသည်။ တချို့က ဤရထားကိုစီးမည် (အဆန်ရထားဖြစ်သည်)၊ တချို့က အစုန်ရထားကို စောင့်မည်။ ကျွန်တော့်လက်ထဲက စာအိတ်ကို ဤဘူတာမှ ထွက်ခွာမသွားခင် တစ်ဦးဦးကို ပေးခဲ့မှ ဖြစ်မည်။

ဘူတာရုံသို့ အရှိန်ဖြင့် ဥသြသံပေးကာ တိုးဝင်ရောက်လာသော မီးရထားခေါင်းတွဲကြီးကို ထင်ထင်ရှားရှား မြင်နေရချိန်၌

ကျွန်တော်သည် လက်ထဲက စာအိတ်ကို သင်၏လက်ထဲသို့ ထည့်ပေးလိုက်မိပါတော့သည်။

The Essence Megazine/June/2014

❑

mgyoe.com

# အန္တိမ တမ်းချင်း

မအိ

သေချာတယ်။ ညက အဲဒီလ, မှာပဲ ထိန်ထိန်သာနေခဲ့တယ်။ ကျွန်မ ကြည့်နေတုန်းမှာ ညဟာ တိတ်တိတ်လေး ခေါင်းမြီးခြုံပြီးတော့ လ,ထဲပြန်တိုးဝင်သွားတော့တယ်။

နာရီတွေ ပျောက်ဆုံးနေတဲ့ ကျွန်မဟာ ရန့်တွေကို ပုံမှန် ခိုးယူစားသုံးနေတဲ့ လေပြည်ညင်းကို အဲဒီညမှာပဲ လက်ပူးလက်ကြပ် ဖမ်းမိလိုက်တယ်။ သူနဲ့ စကားပြောကြည့်တော့ သူကလည်း ကျွန်မ ပျောက်ဆုံးနေတာ ကြာပါပြီတဲ့။ ကျွန်မ သူ့ကို ချက်ချင်းပြန်စွပ်စွဲလိုက်တယ်။ ရှင်လည်း ရန့်တွေ ဖျောက်ဖျက်ပစ်နေတာ ကြာပြီမဟုတ်လား... လို့။ မြွေမြင်တဲ့ ခြေအချင်းချင်း ဖြစ်နေတာမို့ ခြေကလိန်ဆွဲ နှုတ်ဆက် ရန်သူတွေ ဖြစ်သွားကြပြီ 'ဝွတ်ဘိုင်' လိုက်ကြတယ်။

ဇာတ်ကြောင်းလှန်ရရင် တိုနေလိမ့်မလား။ သူနဲ့ချစ်ပြီးတော့မှ ကွဲသွားတယ်။ အခု ဆွေးနေတာ မြည့်လို့ပေါ့။ အဲဒီမြည့်နေတာချည်းကိုပဲ ဆွေးလို့နေမိတာ အရှည်ကြီးပ။ သူစပြောတာက အဲဒီလိုမဟုတ်ဘူး။ ကျွန်မ မှတ်မိနေသေးတယ်။ 'မုန်းသွားလောက်အောင်ကို ချစ်ပါရစေ...' တဲ့။ ကျွန်မကလည်း သူတောင်းတဲ့ကတိအတိုင်း နာရီဝက်လောက် ချစ်ကြည့်မယ်လေလို့ ပြောလိုက်မိတယ်။ လား... လား... အခု လူ့သက်တမ်းတစ်ဝက်တောင် ကျော်သွားခဲ့ပြီ၊ သူ ကတိတည်တယ်။ နာရီဝက်အကျော်မှာ မုန်းသွားတယ်။ ကျွန်မက မုန်းသွားတာတော့ နာရီဝက်မပြည့်သေးဘူး။

အဲဒီတော့ ကျွန်မက နာရီဝက်နဲ့ မိတ်ဆွေဖြစ်ဖို့ ကြိုးစားတယ်။ သူက ကျွန်မကို

mgpoe.com

လက်ဆောင်တစ်ခု ပေးရမယ်လို့ တောင်းဆိုတယ်။ မုန့်ခြင်းတွေကို နာနာကြည်းကြည်းနဲ့ ပေးပါ... တဲ့။ ကျွန်မလေ ကျွန်မရဲ့ မျက်လုံးတစ်စုံကို ပေးလိုက်တယ်။ သူက အဆစ် တောင်းသေးတယ်။ ကျွန်မက ဦးနှောက်ကို ပေးပစ်လိုက်တယ်။ မိတ်ဖြစ်ဆွေဖြစ် တစ်ခွက် တစ်ဖလားလောက် သောက်ကြရအောင်လို့ သူကပဲ ပြောပြောဆိုဆို ခရအိမ်တစ်ခုထဲ တွန့်လိန်ပြီး ဝင်သွားလေရဲ့။ အဲဒီနေ့ကစပြီး ကျွန်မရဲ့ ပူပူနွေးနွေးမိတ်ဆွေ နာရီဝက် ပျောက်ဆုံးသွားတာ ကနေ့အထိပါပဲ။

ရှင်သန်ထမြောက်ခြင်းဆိုတာဟာ မြောက်ထ သန်ရှင်ခြင်းပဲ ဖြစ်လိမ့်မယ်လို့ ကျွန်မထင်တယ်။ ခဏခဏ လည်ပြန် ငဲ့ကြည့်ရလွန်းတော့ သမင်လည်ပြန်နဲ့တောင် တူလာသလိုပဲ။ ဒါပေမဲ့ ဘယ်လိုအကြောင်းနဲ့မှ သန်မလာနိုင်တော့ပါဘူး။ ရှင်မလာနိုင် တော့ပါဘူး။ အိပ်မက်တွေဆိုတာကလည်း ခပ် စောစောကတည်းက အစိမ်းကြွေ ကြွေခဲ့ရ ပေါ့။ နီးတစ်ဝက်ဖြစ်နေတဲ့ ခွေးသွားစိတ်တွေထဲ ငုံ့ကြည့်မိတဲ့အခါ အနက်ကြီးကျန်နေသေး တယ်ရှင့်။ ကျွန်မရဲ့မိတ်ဆွေ နာရီဝက်များ ရှိနေမလားလို့ အော်ခေါ်ကြည့်တော့ ကျွန်မရဲ့ နားရွက်တွေသာ ပွဲတင်သံမှာ ပျော်ဝင်သွားတယ်။

ကဲကွယ်... ရှိပါစေတော့။ အရှိတရားဆိုတာ ပကတိအတိုင်းပဲလေ။ ပကတိ အတိုင်းဆိုမှတော့ အမှန်တရားပဲပေါ့။ အမှန်တရားဆိုတာကလည်း အမှားတရားရှိနေ လို့သာ ရပ်တည်နိုင်တာပါ။ ဒါဆိုရင် ကျွန်မ မှားခဲ့လို့ပေါ့။ အမှားဆိုတာ ကြက်ခြေ ခတ်တစ်ခုလား။ ကျွန်မမှာ သိမ်းထားတဲ့ ကြက်ခြေခတ်ရောင်စုံတွေ အများကြီးရှိတယ်။ တစ်ခါတလေ အသက်ရှူရကျပ်လာတဲ့အခါများမှာ တစ်ခုလောက် ထုတ်ဝါးစားလိုက်ရင် ရင်ချောင်သွားတယ်။ ကြုံတဲ့လူတွေကိုလည်း အလကားပေးပစ်လိုက်တာပဲ။ မနှမြောပါ ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကြက်ခြေခတ်ရှာနည်းတွေကို ကျွန်မ ကောင်းကောင်း သိတယ်လေ။ ကုန်သွားရင် ပြန်ရှာမှာပေါ့လို့။

ရှာဖွေခြင်းတွေ ပျောက်ဆုံးပြီးတဲ့ နေ့တစ်နေ့မှာတော့ မြို့လေးတစ်မြို့ဟာ ကျွန်မဆီ ချဉ်းကပ်လာနေလေရဲ့၊ လတ်ဆတ်သင်းပျံ့တဲ့ တောင်ပေါ်လေတွေ လက်ဆောင်ပေးရင်း မိတ်ဆွေဖွဲ့ပါရော။ ချက်ချင်းပဲ ငယ်ပေါင်းကြီးဖော်လို ရင်းနှီးသွားရတယ်။ နာရီဝက်နဲ့ တုန်းက ကျွန်မက လက်ဆောင်ပေးရတယ်။ ခုတော့ ကျွန်မဟာ လက်ဆောင်ပြန်ရတဲ့သူ ဖြစ်နေပြီ။ တောင်ပေါ်လေဟာ တသွင်သွင်စီးဆင်းရင်း ပြက္ခဒိန်တစ်ခုကို တိုက်စားသွားပြီး တဲ့အခါမှာတော့ သူနဲ့ကျွန်မ ဇြုန်းခနဲ ပြန်ဆုံဖြစ်ကြတယ်။ နာရီဝက်ကို လိုက်ခေါ်တာလို့ သူပြောတယ်။ ကျွန်မကလည်း ကျွန်မဆီကနေ နာရီဝက် ထွက်ပြေးသွားတာ ကြာလှပြီလို့

mgyoe.com

ခရအိမ်တစ်ခုထဲ တွန့်လိမ်ပြီး ဝင်သွားတာ နောက်ဆုံး တွေ့လိုက်တာပဲဆိုတော့...။ သူက ခရအိမ်တစ်ခုထုတ်ပြပြီး ဒီဥစ္စာလား... လို့ မေးတယ်။ ဟင့်အင်း... ၊ ကျွန်မ မြင်လိုက်ရတဲ့ သူဝင်သွားတဲ့ ခရအိမ်ဟာ အချွန်အတက်တွေ အများကြီးနဲ့လို့ ကျွန်မ ဖြေလိုက်တယ်။

သူက အသစ်တစ်ခု ထပ်ပြောလာတယ်၊ တစ်သက်လုံးကို မွေးစားကြရအောင် တဲ့။ ကျွန်မက ရင်းနှီးမြှုပ်နှံမှု အဲဒီလောက်မလုပ်နိုင်တော့ဘူး။ အလွန်ဆုံး တစ်သက် လုံးနဲ့ တစ်ဝက်ဆိုရင်ကော၊ အံမယ်–သူက ပထမ တင်းခံနေသေးတယ်။ နောက်တော့ လည်း သဘောတူညီမှု ရသွားပါတယ်။ ပြီးမှ ဈေးထပ်ဆစ်ပြန်တယ်။ မင်းရဲ့ မိတ်ဆွေ ကိုတော့ မေ့ပစ်ရမယ်တဲ့။ အို – အဲဒီလို ဘယ်ဖြစ်မလဲ။ တောင်ပေါ်လေကိုတော့ ကျွန်မ အဲဒီလောက်အထိ စိမ်းစိမ်းခါးခါး မလုပ်နိုင်ပါဘူး။ အဲဒါဆို ကိုယ်နဲ့မင်းနဲ့ ဇာတ်လမ်း ပြတ်ပြီဆိုပြန်တော့ ကျွန်မ ဘယ်လိုလုပ်နေနိုင်မလဲ၊ တစ်ဆိတ်လောက်တော့ ခွင့်ပြုပါ လို့ပဲ ကျွန်မ အလျှော့ပေးလိုက်ရတယ်။ ညှိနှိုင်းခြင်းတွေရဲ့အဆုံးမှာ သူ ပြုံးလာတော့ ကျွန်မ ပီတိဖြစ်ရပြန်ရော။ တကယ်ပဲ အံ့သြစရာကောင်းတဲ့ နေ့တစ်နေ့ပါ။ သူနဲ့ ကျွန်မ မိုးမွှန်အောင် ချစ်လိုက်ကြတာ နာရီဝက်ကြာတဲ့အခါမှာတော့ သူယူလာတဲ့ ခရအိမ်ထဲကို သူကိုယ်တိုင်ကိုယ်ကျ လိမ်တွန့်တိုးဝင်ပြီး ပျောက်ဆုံးသွားပြန်ပါတော့တယ်။

တောင်ပေါ်လေက ကျွန်မကို ပြစ်တင်စကားဆိုတယ်။ ကျွန်မကတော့ ဘာသိ ဘာသာပါပဲ။ နင်ကတော့ မှားပြီးရင်း မှားနေတော့မှာပဲတဲ့။ ဘယ်တော့မှ အမှန်ကို ရောက်မှာမဟုတ်ဘူးတဲ့။ ပြောပါစေ... လေ။ ငါ့ဘဝကို အဲဒီရောင်စုံကြက်ခြေခတ်တွေနဲ့ပဲ တည်ဆောက်ထားရတယ်ဆိုတာကိုရော နင်သိသလား အဲ့... လို ကျွန်မ ပြန်ရန်တွေ့မိ တယ်။ တောင်ပေါ်လေကလည်း စိတ်ဆိုးလာဟန်တူပါရဲ့။ ဟဲ့... အသေးအဖွဲ့တွေကို လိမ်ညာခွင့်ရနေတဲ့ အမှန်တရားဟာလည်း တန်ဖိုးမရှိဘူး။ မှတ်ထား။ အဲဒီလိုပဲ ကြီးကြီး မားမားတွေကို လိမ်ညာခွင့်ရနေတဲ့ အမှန်တရားဟာလည်း တန်ဖိုးမရှိဘူး။ အမှန်တရား စစ်စစ်ဟာ အကြီးကိုရော၊ အသေးကိုပါ လိမ်ညာခွင့် မပေးရဘူးဟဲ့... မသေမချင်း မှတ် ထားလိုက်။ ကျွန်မကို ဖွပ်စွဲတဲ့စကားတွေက ပြင်းထန်လွန်းလိုက်တာ၊ ငုတ်တုတ်စင်းခံရမှာ တဲ့လား... ဝေးသေး။ ဒီမှာ တောင်ပေါ်လေရဲ့ နင်မသိပါဘူး။ တစ်ဦးတစ်ယောက်ရဲ့ အမှန်တရားဆိုတာဟာ တစ်သိန်းရဲ့နားထဲ ရောက်သွားရင် ဝေဝါးသွားတတ်တယ်။ သန်း တစ်ရာလောက်ဆိုရင်တော့ ပြောမနေနဲ့တော့၊ နင်နားလည်လား၊ အဲဒီအမှန်တရားဆို တာဟာ 'ထောင့်' ပြောင်းခွင့်တွေ ရနေကြတယ်။ ငါက ငါ့အမှန်တရားကို ခိုင်မာအောင် တည်ဆောက်နေတာမဟုတ်ဘူး။ သူ့အလိုလိုရလာတဲ့ မှားခြင်းတွေကို ပျော်ပျော်ရွှင်ရွှင်

mgyoe.com

mgyoe.com


ဖျတ်ဖျတ်လတ်လတ်နဲ့ ငါ ယူတတ်နေပြီ။ အဲဒါဟာ ငါ့ဘဝပဲ။ ငါ့ရဲ့ အမှန်ကရားပဲ။

အဲဒီနောက်မှာတော့ တောင်ပေါ်လေနဲ့ ကျွန်မဟာ ရန်သူတွေ ဖြစ်သွားကြပါတယ်။ ။

❑

mgyoe.com

mgyoe.com


# လက်ရွေးစင်

မောင်ပြည့်မင်း

ဒီနေ့လည်း ခါတိုင်းနေ့တွေလိုပဲ မနက် ၈ နာရီလောက်မှာ အိမ်ရှေ့သံတံခါးမှာ ချိတ်ထားတဲ့ စာပုံးလေးထဲ လက်ထည့်မွှေကြည့်လိုက်တယ်။ အံမယ် စာအိတ် နှစ်အိတ် ပါလား။ တစ်အိတ်ကတော့ ထုံးစံအတိုင်း ဘဏ်တစ်ခုက ငွေလက်ကျန် ဘယ်လောက် ရှိလဲဆိုတဲ့ အကြောင်းကြားစာ။ နောက်တစ်အိတ်ကတော့ ဘာပါလိမ့်။ စာအိတ်အရောင် ကလည်း အစိမ်းနုနု၊ ဘယ်ကများပါလိမ့်။ အံ့အားတသင့် စာအိတ်ကို ဖတ်ကြည့်လိုက် တော့ ရွေးချယ်ခံရသူများစာရင်းတဲ့။ အလို ဘာပါလိမ့်။ ဘယ်သူကများ ဘယ်သူ့ကို ရွေးချယ်လိုက်လို့ အကြောင်းကြားတာပါလိမ့်။ ခါတိုင်းတွေ့နေကျ စာမျိုးမဟုတ်တော့ ပျော်သလိုလိုတောင် ရှိသွားသေးတယ်။ ဒါနဲ့ မနက် ကော်ဖီနဲ့မြည်းဖို့ ထမင်းစားခန်း စားပွဲကို ယူလာခဲ့တယ်။ စာအိတ်ကလေးကလည်း သပ်သပ်ခပ်ခပ်၊ ကွန်ပျူတာစာရိုက် ပြီး ကပ်ထားတဲ့ ရွေးချယ်ခံရသူများ စာရင်းဆိုတဲ့ စာသားလေးကလည်း ကြွလို့။

စားပွဲပေါ်ရောက်တော့ အသင့်ဖျော်ထားတဲ့ ကော်ဖီကို တစ်ငုံနှစ်ငုံ အရင်သောက် လိုက်သေးတယ်။ ဘယ်ကလာမှန်းသိသာတဲ့ စာအိတ်ကိုတော့ ဘေးအသာဖယ်ချထား လိုက်တယ်။ စိတ်မဝင်စားလို့၊ ဟုတ်တယ်လေ။ ဘဏ်ကလာတဲ့ စာဆိုတော့ ငွေအကြောင်း တွေပဲ ပါမှာပေါ့။ ထားလိုက်တော့။ စာအိတ်အစိမ်းနုလေးကိုတော့ တဖြည်းဖြည်း အထဲက စာရွက်ငြိပြီး ပြဲမသွားအောင် စိတ်ရှည်လက်ရှည် ဖြဲဖွင့်လိုက်တယ်။ ထွက်လာတဲ့ ဖူးစက်တ် စာရွက်လေးကလည်း ဖြူဥနေတာပါ။ ဖြန့်ဖတ်ကြည့်လိုက်တော့ လူစာရင်းတစ်ခု မြင်လိုက်

mgyoe.com


ရတယ်။ အလို... လူ ၁၂ ယောက်ရဲ့ အမည်နဲ့ လိပ်စာတွေ တွေ့လိုက်ရ၊ ကိုယ့်နာမည်က နံပါတ် ၃ နေရာမှာ၊ ဘာလဲ၊ ဘာလူစာရင်းလဲ၊ ဘယ်သူက၊ ဘယ်အဖွဲ့က ရွေးတာလဲ၊ ခက်တာပဲ။ ကိုယ်လည်း ဘယ်အဖွဲ့အစည်းမှာမှ ဝင်မပါခဲ့။ ဝင်လို့ အရွေးလည်း မခံခဲ့။ ကိုယ့်ဘာသာကိုယ်နေကာမှ ဘယ်သူကများ ဘယ်အသင်းအဖွဲ့ကများ ရွေးလိုက်ပြန်ပါလိမ့်။ ကျန်တဲ့ ရွေးချယ်ခံရသူတွေစာရင်းကို ကြည့်လိုက်ပြန်တော့ ပိုအံ့အားသင့်ရတယ်။ ကိုယ်နဲ့သိတဲ့ သူတွေလည်းပါ၊ နာမည်တောင် မကြားဖူးသေးသူတွေလည်းပါ၊ အို ဆယ့်နှစ်ယောက်တောင်၊ ဘာတွေလဲဟ။ လက်ရွေးစင်အဖြစ် အရွေးခံခဲ့ရတာ သတိရမိတယ်။ ဆယ်တန်းရပြီတာဆိုတော့ လူကလည်း ခပ်ပျက်ပျက်ဖြစ်နေပါပြီ။ ဆေးလိပ်သောက်၊ ဆေးခြောက်ချနဲ့ ခပ်ရွှဲရွှဲပါ။ ဒါပေမဲ့ အတန်းလိုက် ဘောလုံးပွဲတွေမှာ အမြဲဝင်ကန်ပေးနေရတယ်။ ငယ်ခြေကျန်လေးနဲ့၊ သဘာလေးနဲ့ဆိုတော့လည်း နေရာရနေတာပလေ။ ဖြစ်ချင်တော့ အတန်းတူချင်း ကန်ရတဲ့ ဖိုင်နယ်ပွဲမှာ မထင်မှတ်တဲ့နေရာက၊ မထင်မှတ်တဲ့အချိန်မှာပြေးဝင်ပြီး ပိတ်သိမ်းလိုက်တာ တစ်လုံးတည်းသော အနိုင်ဂိုးရလိုက်ပြီး ကိုယ်တို့အိမ်ချိအတန်းက ဗိုလ်စွဲတော့တာပဲ။ အဲဒီတုန်းက တစ်ဖက်အသင်းဂိုးသမားရဲ့ နစ်(ခ်)နိမ်းက နို့ဆီတဲ့။ အဲဒီနို့ဆီဆိုတဲ့ကောင် ကားယားကြီးကျန်ခဲ့တာ ခုထိ ကိုယ့်မျက်စိထဲ စွဲနေခဲ့တယ်။ ကိုယ်တို့ အတန်းပိုင်ဆရာ ဦးမွန်းမောင်ဆိုတာ ပျော်လွန်းလို့လေ။ ကိုယ့်ကိုလည်း ကျောင်းရဲ့ ပဏာမလက်ရွေးစင်အနေနဲ့ တန်းရွေးလိုက်တာပဲ။ အဲဒီတုန်းကလည်း ဂိုးဖမ်းတဲ့ နို့ဆီဆိုတဲ့ ကောင် ဟိုတစ်လောက လမ်းမတော်ဘက်မှာ ဆိုက်ကားနင်းနေတာ တွေ့လိုက်တယ်။ တိုက်တိုက်ဆိုင်ဆိုင် ကိုယ်က သူ့ဆိုက်ကား ငှားစီးမိတာလေ။ သူကတော့ ကိုယ့်ကို မမှတ်မိတော့ဘူး ထင်တာပဲ။ ကိုယ်ကသာ သူမှန်းသိနေတာ။ ဒါနဲ့ စကားရောဖောရော လုပ်ရင်း မနေ့က လီဗာပူး မန်ယူပွဲ ကြည့်လိုက်သေးလားလို့ စကားစလိုက်တော့ "ဟာဗျာ မန်ယူက အပိုင်ထိုင်ထားတာ ပွဲပြီးခါနီးမှ ဟိုခွေးမသား မိုက်ကယ်အိုဝင် ဖြုတ်ဆိုဘယ်က ရောက်ချလာမှန်းမသိ ပက်သွင်းလိုက်တာ ကုန်ပါရော" လို့ ပြောချလိုက်တာ နဲ့အသာငြိမ်နေလိုက်ရတယ်။ ဟိုတုန်းက ကိုယ်ပက်သွင်းလိုက်တာ အဲဒီလိုပဲ။ တစ်ပုံစံတည်းပဲလေ။ ပဏာမအရွေးခံရပေမဲ့ နောက်ထပ်လည်း သွားမကန်တော့ဘူး။ စိတ်မဝင်စားတော့ဘူး။ အဲဒီဂိုးကိုတော့ တစ်သက်လုံး မမေ့ဘူး။

အခုလူစာရင်းကိုတော့ အရမ်းစိတ်ဝင်စားသွားတယ်။ တချို့ကိုယ်သိတဲ့လူတွေလည်း ပါနေတာ။ ဟိုနံပါတ် ၆ နေရာက ကလေးမလေးဆို ကိုယ်တို့အိမ် မျက်စောင်းထိုးစတိုးဆိုင်က ကောင်မလေးလေ။ ကိုယ်လုံးကိုယ်ပေါက်တောင့်တောင့်၊ တင်သားလုံးလုံး

mgyoe.com

 mgyoe.com 

ကောက်ကောက် ကောင်မလေးဟာကော၊ ကိုယ်တွေငယ်တုန်းကများ တွေ့ခဲ့ရရင် ဟိုဆရာ ပြောသလို ဒါမျိုးတော့ ရှာရိုး ခွေးတစိစိတောင် ဖြစ်သွားဦးမယ်ဆိုတာမျိုးလေး။ အသက် လည်း နှစ်ဆယ်မှ ပြည့်သေးရဲ့လားမသိ။ သူ့နောက် နံပါတ် ၇ နှစ် နေရာက အငြိမ်းစား ဆရာကြီးကျတော့လည်း အသက် ရှစ်ဆယ်တောင် ကျော်လောက်ရော့မယ်။ ဘယ်လိုအဖွဲ့ အစည်းရဲ့ လက်ရွေးစင်တွေ ဖြစ်နေမလဲမသိ။ ဟိုနံပါတ် ၈ နေရာမှာ ထည့်ထားတဲ့ ကိုးရွှင်ဆိုတဲ့ကောင်ကတော့ ကိုယ့်တပည့်ရင်းပဲ။ နာမည်ရင်းက သန်းနိုင်၊ ငယ်ငယ်က မော်တော်ပန်ကာနဲ့ ညပ်ပြီး ညာလက်ညှိုးတစ်ချောင်း လျော့သွားတာ၊ ကိုးချောင်းပဲ ရှိလို့ ကိုးရွှင်နာမည်ကိုတွင်ရော၊ တရုတ်ရာဇဝင် အခန်းဆက်ထဲက နာမည်လေ။ သိပ်သောက် တဲ့ကောင်၊ အခု သူမရှိတော့ သုံးလလောက်တောင် ရှိပါပေါ့။ မရှိတော့တဲ့လူတွေလည်း လက်ရွေးစင်ထဲပါလို့ပါလား။ ဘာပဲဖြစ်ဖြစ် လက်ရွေးစင်ဆိုတာကတော့ လက်ရွေးစင်ပဲ လေ။ အများထဲက ရွေးထားတာ၊ ဂုဏ်တက်ဖို့ပဲ ရှိတာပေါ့။ ကိုယ့်နာမည်ကို အသေအချာ နောက်တစ်ခေါက် ပြန်ဖတ်ကြည့်လိုက်တယ်။ နာမည်ရော၊ လိပ်စာရော အတိအကျပါလား။

ဟိုးအောက်က ပင့်တိုက်လာတဲ့ လေကြမ်းဟူးဟူးထဲမှာ ကျွန်မမျက်စိတွေ မှိတ် ထားပေမယ့် ဆံပင်တွေ လေတိုးပြီး တဖျန်းဖျန်းလွင့်နေတာ သိနေတယ်။ ချောက်ကမ်း ပါးထိပ်ဆုံး အစွန်းမှာ ရပ်နေတာမို့ ဟိုးအောက် လှိုင်းပုတ်သံ တဝုန်းဝုန်းကလည်း ရင်ဖို စရာ၊ ညဥ့်နက်လှပြီလေ။ မျက်လုံးဖွင့်ပြီး ငုံ့ကြည့်ရင်တောင် အောက်ကိုမြင်ရမှာမှ မဟုတ် တာ။ ဒီတော့ မျက်လုံးမှိတ်ထားတာကမှ စိတ်ပိုသက်သာရနေသေးတယ်။ လက်ဖျားထိပ် ကလေးတွေမှာ သွေးတဒိတ်ဒိတ်တိုးနေတာကို သတိထားမိတယ်။ လူကသာ ငြိမ်နေတာ၊ စိတ်ကတော့ ဖျတ်ခနဲ ဖျတ်ခနဲ ပြေးနေတာလေ။ ကျွန်မနာမည်ကို စည်းချက်ညီညီ ဝိုင်းအော်နေတဲ့ အသံကိုလည်း ကြားနေရသလိုလို၊ သူတို့က ဘာဖြစ်သွားစေချင်တာလဲ၊ ကျွန်မကရော ဘာဖြစ်သွားချင်တာလဲ။

ငယ်ငယ်က Dirty Dozen ဆိုတဲ့ နိုင်ငံခြား ရုပ်ရှင်တစ်ကား ကြည့်ခဲ့ဖူးတယ်။ လူပေ လူတေ လူရွတ် ဆယ့်နှစ်ယောက်ကို ရွေးပြီး ရန်သူတွေကို ထိုးဖောက်တိုက်နိုင်ခဲ့တဲ့ ကားလေ။ သိပ်ကြိုက်ခဲ့တာ။ အခုရွေးလိုက်တဲ့ ဆယ့်နှစ်ယောက်က ဘယ်သူ့ကို တိုက်ရမှာ တုံး။ သေသွားပြီးသူတွေကကော ဘယ်လို ဝင်ပါရမှာတုံး။ ရွေးတဲ့သူတွေကတော့ ဆယ့် နှစ်ယောက်ကို လက်ရွေးစင် ရွေးလိုက်ပြီးပြီလေ။ အဲဒီမှာလည်း ကိုယ်က ပါနေပြီလေ။

လှိုင်းသစ်၊ ဩဂုတ်၊ ၂၀၁၃

❑

mgyoe.com

 mgyoe.com 

# အလွမ်းပင်လယ်

အောင်ဝေး

(၁)

ကျွန်တော်တို့က အဲဒီဆိုင်ကလေးကို 'အလွမ်းပင်လယ်'လို့ နာမည်ပေးထားကြတယ်။

လွန်ခဲ့တဲ့ လေး၊ ငါးနှစ်လောက်တုန်းကပဲ ဆိုပါတော့။ ဆိုင်ကလေးက အခုလိုပဲ။ ဒီကာလအတွင်းမှာ ပြောင်းလဲမသွားဘူး။ ညနေ ညနေ ကျွန်တော်တို့ ၄၂ လမ်းထဲဝင်လာပြီဆိုရင် ထုံစံအတိုင်း စည်ကားနေတတ်တဲ့ အဲဒီသူရာဈေးတန်းလေးထဲက ကျကျနနဆိုင်ခန်းတွေဖြစ်ဖြစ်၊ လမ်းဘေး အဖီဆိုင်ကလေးတွေပဲဖြစ်ဖြစ်၊ သူ့လူ ကိုယ့်လူ၊ သူ့ဖောက်သည် ကိုယ့်ဖောက်သည်နဲ့ အလှူကြီးပေးနေတဲ့အတိုင်းပဲ။ အဲဒါ ၄၂ လမ်းရဲ့ ရစ်သမ်ပဲပေါ့။

ညနေဆိုတာကလည်း ထွက်ပြေးဖို့ကောင်းတဲ့အချိန် မဟုတ်လား။ သောကကြောင့်ပဲဖြစ်ဖြစ်၊ ရတက်ကြောင့်ပဲဖြစ်ဖြစ်၊ အောင်မြင်လို့၊ ကျဆုံးလို့၊ ဘာရယ်ကြောင့်ပဲဖြစ်ဖြစ် ညနေ ညနေဆိုရင် အကြောင်းတစ်ခုခုနဲ့ ကျွန်တော်တို့ တစ်ပတ်ကို သုံးရက်လောက်တော့ အဲဒီ ၄၂ လမ်းထဲကို ရောက်နေကျ။ ၁၉ လမ်းဘက် ယွန်းတဲ့လူ၊ ပုဇွန်တောင်မှာ မော့တဲ့လူ၊ မြေနီကုန်း၊ တာမွေ တစ်နေရာရာပြေးတဲ့လူ။ အဲဒီလို ကျွန်တော်တို့ ကျင်လည်ရာ စာပေနဲ့အနုပညာအသိုက်အဝန်းကလေးမှာလည်း ကိုယ်နေရာကလေးတွေနဲ့ကိုယ် ညနေဆိုရင် အဲဒီဝပ်ကျင်းလေးတွေဆီကို ရောက်ရောက်သွားတတ်ကြစမြဲ။ နေ့တိုင်းတော့လည်း မဟုတ်ဘူးပေါ့။

mgyoe.com

 mgyoe.com 

တစ်နေ့ခင်းလုံးဖြစ်ဖြစ် မဂ္ဂဇင်းတိုက်တွေဆီ ရောက်ရင်ရောက်၊ ဒါမှမဟုတ် ၃၃ လမ်း လေထန်ကုန်းကဖေးမှာ ကျောက်ချထိုင်ပြီး ကိုယ်နဲ့ဆိုင်တဲ့အလုပ် ကိုယ်လုပ်ကြနဲ့ပေါ့။ နည်းနည်းနေညိုလာပြီလားဆိုရင်တော့ သူ့အုပ်စုကိုယ့်အုပ်စု၊ သူ့ဝိုင်းကိုယ်ဝိုင်း ညနေခင်း ထွက်ပြေးရေးစီမံကိန်းတွေ ချနေကြပြီပေါ့။ အဲဒီလို ညနေခင်းထွက်ပြေးတဲ့ ယဉ်ကျေးမှု၊ မြင်းဖြူစီးတဲ့ ယဉ်ကျေးမှုကလေးတွေနဲ့ပဲ ကျွန်တော်တို့ရဲ့ညနေတွေက တစ်ခါတစ်ရံ လှပ၊ တစ်ခါတစ်ရံကျတော့လည်း အကျည်းတန်နေတတ်ခဲ့တာပဲ မဟုတ်လား။ ဘယ်သူကမှတော့ အဲဒီယဉ်ကျေးမှုကိုရှုတ်ချဖို့ စိတ်မကူးမိကြသေးတာလည်း ပါမှာပါ။

ငယ်ရွယ်တဲ့ ကဗျာဆရာလေးတွေကတော့ အဲဒီလို ညနေ ညနေ ရောက်ရောက်သွားတတ်တဲ့ အရက်ဆိုင်ကလေးတွေကိုပဲလို့ 'School' လို့ ခေါ်ကြပြန်တယ်လေ။ တစ်ယောက်နဲ့တစ်ယောက် ဒီညနေ ကျောင်းတက်ဦးမလားလို့မေးရင် အဲဒါ မူးယစ်ရီဝေဦးမလားလို့မေးတာပဲပေါ့။ တစ်ယောက်ယောက်က "ကိုယ်တို့တော့ ဒီညနေ တာမွေ Schoolပဲဟေ့" လို့ဆိုရင် အဲဒါတာမွေဈေးထိပ်က မွန်ကြီး(၂) မေသရဖူဆိုင်ကိုပြောတာပဲ။ အဲဒီလို ၄၂ လမ်းဟာလည်း ကျွန်တော်တို့ သူငယ်ချင်းတစ်စုရဲ့ ပုံမှန် Schoolကလေး ဖြစ်ခဲ့တဲ့ ဟိုး လွန်ခဲ့တဲ့ လေး၊ ငါးနှစ်ကပဲ ဆိုပါတော့။

ကျွန်တော်တို့က ဒေဝီရဲ့ဆိုင်ကလေးကို **"အလွမ်းပင်လယ်"**လို့ ကမ္ပည်းတင်ခဲ့ကြဖူးတယ်။ ကျွန်တော်တို့အထဲက လူငယ်ကဗျာဆရာ တစ်ယောက်ကတော့ ဒီဆိုင်ကလေးရဲ့ နံရံပေါ်မှာကိုပဲ မောင်ယဉ်မွန်ရဲ့ကဗျာတစ်ပုဒ်ကို ဆော့ဖ်ပင်နဲ့ရေးပြီး ကပ်ထားခဲ့ဖူးတယ်လေ။ ဒေဝီကတော့ ဒီလို အရက်ဆိုင်နံရံအိုအိုလေးပေါ်မှာ ကဗျာတစ်ပုဒ်ရေးတပ်ထားတာကို ဘာမှမပြောရှာပါဘူး။ တခြား အရက်လာသောက်ကြတဲ့သူတွေထဲကလည်း ဘာမှ မပြောကြပါဘူး။ အဲဒီလို ရေးကပ်ထားတာကိုပဲ တစ်ခါတစ်ခါ အရက်ခွက်တွေကိုင်ရင်း ပြန်ငေးရတာ၊ အသံထွက်ရွတ်ဖတ် အော်ဟစ်ပစ်လိုက်ရတာကိုက 'အလွမ်းပင်လယ်' ရဲ့ အရသာတစ်ခုလို ဖြစ်နေခဲ့တာပေါ့။

တစ်ညနေမှာပဲပေါ့ ကျွန်တော်တို့ဝိုင်းက ပန်းချီဆရာကလေးက "ဒေဝီရေ... ကျွန်တော်ကဗျာရွတ်မယ်နော်"ဆိုပြီး အဲဒီ မောင်ယဉ်မွန်ရဲ့ (၁၀.၇.၅၉) ရက်နေ့ နေ့စွဲနဲ့ ရေးခဲ့တဲ့ 'သူငယ်ချင်းတို့ အသည်းနှလုံးများ'ဆိုတဲ့ ကဗျာကို ရွတ်ခဲ့ပေတာပေါ့။

"မပြန်ရဲဘူး၊ ဆည်းဆာကြူးရင်
အမူးသမား၊ စုဝေးနားနေ
အရိပ်ပွေသည့်၊ စိတ်လေသူချင်း

mgyoe.com

mgyoe.com


ရင်းနှီးကြရာ၊ ဓာတ်တိုင်ပြာအောက်
ရောက်သွားမိပြန်။

တစ်ရံရောမျှား၊ ကြိမ်ဖန်များစွာ
ငြီးတွားလာကြ၊ ရင်နာရ၏
ညဟောင်းများကို၊ အလိုပြည့်နှီး
စိတ်နဲ့ကိုးကွယ်၊ ရယ်လည်းရယ်ချင်
အလည်လွန်ကြူး၊ အချစ်မူးတို့
ကူးစက်ရှည်လျား၊ ရှိုက်သံများက
တံခါးမရှိပါတကား"

"ဒေဝီရေ... တံခါးမရှိပါတကားတဲ့။ အစ်ကိုကြီးအတွက်တော့ ဒေဝီရဲ့နှလုံးသားမှာ တံခါးက ပိတ်လျက်ပါပဲကွယ်"

ရုတ်တရက်တော့ ကျွန်တော်တို့လေးယောက် စားပွဲဝိုင်းဟာ ငေးကြောင်သွားခဲ့တယ်။ ကဗျာရွတ်သွားတဲ့ ပန်းချီဆရာက စကားသံလာရာကို လှည့်ကြည့်တယ်။ ပြီးတော့ ဒေဝီကိုကြည့်တယ်။ ကျွန်တော်တို့လည်း လိုက်ကြည့်တယ်။ "ဒေဝီရဲ့နှလုံးသားမှာ တံခါးက ပိတ်လျက်ပါပဲကွယ်"လို့ ဆိုတဲ့သူကို ကျွန်တော်တို့နဲ့ တစ်ဝိုင်းကျော်မှာ ဝင်ထိုင်တာတွေ့လိုက်ရတယ်။ ဒေဝီက အဲဒီလူထိုင်နေတဲ့စားပွဲပေါ်ကို အရက်တစ်ပိုင်းနဲ့ အဘိုးကြီးသုပ်တစ်ပွဲ သွားချပေးတယ်။ ပြီးတော့ ရွှေပြည်စိုးဆေးပေါ့လိပ် သုံးလိပ်နဲ့ ယမ်းမီးခြစ်တစ်လုံး သွားပေးတယ်။ ပြီးတော့် ရေဘူးနဲ့ ပလတ်စတစ်ရေခွက်တစ်လုံး။ ဒေဝီက သူလုပ်စရာရှိတာတွေ အကုန်လုပ်ပေးပြီးတော့မှ ဆိုင်ရှေ့မှာ ပြန်ထိုင်တယ်။ အစ်ကိုကြီးဆိုတဲ့သူကတော့ အသံတိတ်သွားပြန်ပြီ။

"ကဲ... ထုတ်ဝေသူကြီးရေ... နောက်တစ်လုံးလောက် ထပ်မှာဦးဗျာ"

ကျွန်တော်လည်း ဒေဝီကို အသံလှမ်းပြုပြီး အရက်ဖြူတစ်လုံးနဲ့ ခရမ်းချဉ်သီးသုပ်တစ်ပွဲ၊ ဂျိုးသိန်းဆေးပေါ့လိပ်နည်းနည်း ထပ်မှာလိုက်တယ်။

ဒီညနေက ကဗျာဆရာလေးရဲ့စာအုပ်ကို ကျွန်တော်ထုတ်ဝေဖို့ သူငယ်ချင်း ပန်းချီဆရာရယ်၊ ကဗျာဆရာလေးရဲ့မိတ်ဆွေရယ် ခေါ်ပြီး ဒီဆိုင်ကလေးမှာ အလုပ်သဘောပြောကြဆိုကြတာပဲပေါ့။ ဒီဝိုင်းကတော့ ကျွန်တော် တည်ခင်းရတဲ့ဝိုင်း ဖြစ်နေတယ်။

mgyoe.com


အပြင်ဘက်မှာတော့ နှင်းမြူတွေနဲ့ မီးခိုးမှိုင်းမှိုင်းတွေနဲ့ နည်းနည်း မှောင်ဝေလာနေပြီ။ ဒီ ၄၂ လမ်းကလေးထဲမှာက ဝင်လာသူတွေ ထွက်သွားသူတွေနဲ့ပဲ အခုလို ညနေရင့်ပြီဆိုရင် ဆူညံစည်ရီနေတတ်တာကလား။

ကျွန်တော်က ဖန်ခွက်ထဲက အရက် လက်နှစ်လုံးလောက်ကို ပက်ခနဲ မော့ပစ်လိုက်ပြီး ရေနည်းနည်းသောက်ချလိုက်တယ်။ ခရမ်းချဉ်သီးတစ်ဖတ်ကောက်ဝါးနေရင်းက ဒေဝီကို ကျွန်တော် လှမ်းငေးနေမိတယ်။ လှတယ်။ ပြောရရင် ဒေဝီက သိပ်လှပါတယ်။ သူမ အသက်အရွယ်ထက်ပိုပြီး ပျိုရွယ်လှပနေတဲ့ ဒေဝီပါ။ ဘယ်လိုအလှမျိုးလဲဆိုတာကိုတော့ ကျွန်တော် မပြောပြတတ်ဘူး။ ဒေဝီလို အသက်လေးဆယ်ကျော်အရွယ် မိန်းမတစ်ယောက်ရဲ့အလှက နှစ်ဆယ်ကျော် မိန်းကလေးတစ်ယောက်လို လှတာတော့လည်း မဟုတ်ဘူး။ ဒါပေမဲ့ လှတာကတော့အမှန်။ ဒေဝီရဲ့အလှက ကျွန်တော်တို့ကဗျာဆရာကလေး ပြောသလို မွှန်ရီးနဲ့ခင်သီတာထွန်း ပေါင်းစပ်ထားတဲ့ အလှမျိုးပဲလား။ ဒါမှမဟုတ် ခေတ်ပေါ်အဆိုတော်ကောင်မလေးတစ်ယောက်၊ ရုပ်ရှင်မင်းသမီးတစ်ယောက်ရဲ့အလှမျိုးလား ကျွန်တော် မပြောတတ်ဘူး။ ဒေဝီလှတာကတော့ မျက်နှာတင်မကဘူး။ တစ်ကိုယ်လုံးလှတာ။ ဘာပဲ ဖြစ်ဖြစ် ကျွန်တော်ကတော့ နည်းနည်းမူးလာပြီဆိုရင် ဒေဝီကို မျက်နှာချင်း မဆိုင်ရဲတော့ဘူး။ အဲဒီလို ဒေဝီရဲ့အလှက တစ်ခါတစ်ခါကျတော့ လူကို ပိုမူးစေတယ်။ တစ်ခါတစ်ခါ ကျပြန်တော့ လူကို အမူးပြေသွားစေပြန်တယ်။

ဒီ'အလွမ်းပင်လယ်'ဆိုင်ကလေးမှာ ကျွန်တော်တို့ လေး၊ ငါးလလောက်ဆက်တိုက် ထိုင်ခဲ့ကြပြီးတဲ့နောက် ဒီဆိုင်ကလေးကိုရောက်လာတဲ့ မိတ်ဆွေအားလုံးရဲ့ တူညီတဲ့မှတ်ချက်တစ်ခုကို ကျွန်တော်တို့ကြားရတယ်။ ငယ်တဲ့သူကလည်း ဒီလိုပဲပြောတယ်။ ကြီးတဲ့သူတွေကလည်း ဒီလိုပဲပြောတတ်ကြတယ်။ ဒီဆိုင်ကလေးမှာတဲ့။ အရက်နဲ့မြည်းဖို့ ဒေဝီရဲ့ အလှထက်ကောင်းတဲ့အရာ မရှိဘူးတဲ့။ အဲဒီမှတ်ချက်ကိုတော့ ကျွန်တော်တို့လည်း သဘောတူမိကြတယ်။ ဟုတ်တယ်။ ဒေဝီက သိပ်လှပါတယ်။ အဲဒီသိပ်လှတဲ့မိန်းမတစ်ယောက် ရောင်းတဲ့အရက်ကို ကျွန်တော်တို့က သောက်ကြတယ်။ ဒါပဲ။

"အချစ်ဆုံးရေ… ဒေဝီရေ"

စောစောက အစ်ကိုကြီးရဲ့အသံက လွမ်းလွမ်းဆွေးဆွေးကြီး ထွက်ပေါ်လာတယ်။ ကျွန်တော်တို့ သူ့ကို လှမ်းကြည့်မိကြတယ်။ ဒေဝီက နောက်ထပ်အရက်ဖြူတစ်ပိုင်းနဲ့ အဲဒီစားပွဲကိုရောက်သွားနှင့်ပြီ။

"ထိုင်ပါဦး ဒေဝီရဲ့။ ဒီညနေအစ်ကိုကြီး ဘာသီချင်းဆိုရမလဲ"

mgyoe.com

mgyoe.com

ကျွန်တော်တို့အားလုံး အဲဒီအစ်ကိုကြီးနဲ့ ဒေဝီတို့ နှစ်ယောက်ဆီကိုပဲ ငေးကြည့်နေမိကြတယ်။ ဒေဝီက ပုံ့ပုံ့ကလေးထိုင်လို့။ ခေါင်းကလေးကို ငုံ့ထားတယ်။

"ကိုနိုင် ကြိုက်တဲ့သီချင်း ဆိုပေါ့။ ဒေဝီ့ဖောက်သည်တွေ စိတ်အနှောင့်အယှက် မဖြစ်ရင် ပြီးတာပဲ"

"စိတ်ချပါ ဒေဝီရယ်။ အစ်ကိုကြီးက ဒေဝီ့အတွက် အလွမ်းဆုံးသီချင်းတစ်ပုဒ်ဆိုပြမယ်။ ကဲ... ဒေဝီသွားတော့"

ဒေဝီက ပြုံးရွှံ့ရွှံ့ကလေး အဲဒီအစ်ကိုကြီးစားပွဲက ထ,လာတယ်။ ကျွန်တော်တို့ဘက်ကို လှမ်းကြည့်ပြီး မျက်ခုံးလေးပင့်လို့ ပြုံးပြပါတယ်။ သူ့ကိုနိုင်ရဲ့ သီချင်းအတွက် ကြိုတင်ပြီး တောင်းပန်တဲ့သဘောလားတော့ မသိဘူး။ မကြာပါဘူး။ "ညီလေးတို့ရေ... ဒေဝီ့အတွက် အစ်ကိုကြီး သီချင်းတစ်ပုဒ်ဆိုပါရစေကွာ"ဆိုတဲ့ စကားသံနောက်မှာ ကြေကွဲဆွတ်ပျံ့ဖွယ် သီချင်းသံက ထွက်ပေါ်လို့လာတော့တယ်။

(၂)

ဒီလိုနဲ့ ဒေဝီရဲ့ဆိုင်ကလေးမှာပဲ အစ်ကိုကြီးဦးမြမိုးနိုင်နဲ့ ကျွန်တော်တို့တစ်တွေ အဖွဲ့ကျသွားခဲ့ကြပါတယ်။ ကျွန်တော်တို့ မရောက်ဖြစ်ကြတဲ့ ညနေတွေဆိုရင် အစ်ကိုကြီးက မျှော်နေတတ်ပြန်တယ်။ သူက ကျွန်တော်တို့ကို စာပေအနုပညာနဲ့ပတ်သက်နေတဲ့ လူငယ်တွေမှန်းသိသွားတော့ ပိုပြီးခင်မင်သွားပုံလည်း ရတယ်လေ။ သူနဲ့ဆုံဖြစ်ကြတဲ့ညနေတွေဆိုရင် အစ်ကိုကြီးက ကဗျာဆရာလေးကို ကဗျာရွတ်ပြဖို့ တောင်းဆိုနေတတ်တယ်။ သခွပ်နီရဲ့ကဗျာလေးတစ်ပိုဒ်ဆိုရင် အစ်ကိုကြီးက ပါးစပ်ဖျားကကို မချတော့ဘူး။

"ဘယ်သူဖြစ်ဖြစ်၊ အချစ်ဆုံးနဲ့၊ ပခုံးနွဲ့မှီ၊ ပျော်ချင်သည်ပဲ။ ငှက်ကလေးလို၊ ချိုတေးဆိုချင်တာပေါ့။ မဟုတ်ဘူးလား... ဒေဝီညီမလေးရေ"

တစ်ညနေ အစ်ကိုကြီးဦးမြမိုးနိုင် ဒီဆိုင်ကလေးကို ကျွန်တော်တို့ထက် နောက်ကျပြီးမှရောက်လာတယ်။ တစ်နေရာရာမှာလည်း သောက်လာခဲ့ပုံရတယ်။ ရောက်ရောက်ချင်း ဒေဝီကို သူနှုတ်ဆက်တယ်။ အဲဒီ သခွပ်နီရဲ့ကဗျာကလေးနဲ့ပဲ။ ပြီးတော့ သူထိုင်နေကျစားပွဲလေးကိုပဲ သူသွားထိုင်တယ်။ ကျွန်တော်တို့ကို လှမ်းပြုံးပြရုံကလွဲပြီး သူ ငြိမ်သက်နေတယ်။

ဒေဝီ သူ့စားပွဲမှာ အရက်နဲ့အမြည်းတွေ သွားချတော့လည်း သူက ငိုင်မြဲငိုင်လို့။ "ကိုနိုင် နေမကောင်းဘူးလား"ဆိုတဲ့ ဒေဝီရဲ့စကားသံကို ကျွန်တော်တို့ ကြားလိုက်ရတယ်။
mgyoe.com

mgyoe.com

အစ်ကိုကြီးဆီကတော့ ဘာစကားသံမှပြန်မကြားရပါဘူး။

အဲဒီညနေကလည်း နှင်းမိုးတွေရွာနေခဲ့တဲ့ညနေပေါ့။ ၄၂ လမ်းကလေးထဲမှာ ချမ်းစိမ့်စိုစွတ်နေခဲ့တယ်။ လက်ဖျားခြေဖျားတွေ အေးစက်လာတယ်။ ဒေဝီရဲ့ အရက် နှစ်ခွက်၊ သုံးခွက်လောက် ဝင်သွားတော့မှပဲ စိတ်ထဲ နွေးလာကြတော့တာလေ။

ကျွန်တော်တို့ စကားဝိုင်းက အစ်ကိုကြီး ဦးမြမိုးနိုင်အကြောင်းကို ရောက်သွားတယ်။ အစ်ကိုကြီးက ဌာနဆိုင်ရာတစ်ခုက မန်နေဂျာတစ်ဦး ဆိုပါတော့။ သူ့အသက်အရွယ်ငါးဆယ်ကျော်နဲ့ သူ့ရာထူးနဲ့ သူဝတ်စားပုံက ခံ့ခံ့ညားညားပါ။ သူလည်း ကျွန်တော်တို့လို အနီတွေ၊ အဝါတွေထက် အဖြူကို ပိုမက်လို့ပဲလား။ အစ်ကိုကြီးပြောပြဖူးတဲ့အတိုင်းဆိုရင် သူဒေဝီရဲ့ဆိုင်ကလေးမှာ ထိုင်ခဲ့တာဆိုရင် သူနယ်ကနေ ရန်ကုန်ရုံးချုပ်ကို ပြောင်းလာကတည်းကတဲ့။ ခုဆို သုံး၊ လေးနှစ်ရှိရောပေါ့တဲ့။ ဒီဆိုင်ကလေးကို သူ စွဲမြဲခဲ့တယ်။ အစ်ကိုကြီး ဘာဖြစ်လို့ ဒီဆိုင်ကလေးမှာပဲ အမြဲထိုင်တာလဲလို့ တစ်ခါတလေမှာ ပန်းချီဆရာလေးက မေးတော့ အစ်ကိုကြီးမျက်နှာပေါ်မှာ ရှက်ရိပ်ကလေးတွေ သန်းသွားခဲ့ဖူးတယ်။ "အစ်ကိုကြီးစိတ်နဲ့ အစ်ကိုကြီးပါပဲကွာ"တဲ့။ ပြီးတော့ ဒေဝီကို ဆွေးမြည့်နေတဲ့မျက်လုံးတွေနဲ့ လှမ်းလှမ်းကြည့်တယ်။

အဲဒီညနေက ဒေဝီကလည်း အပြာရောင်ထဲကနေ ကျွန်တော်တို့ဘက်ကို လှမ်းကြည့်ပြီး ပြုံးပြနေခဲ့တာပေါ့။ အပြာရောင်ဝတ်စုံကလေးနဲ့ ဆိုင်ရှေ့မှာ ထိုင်နေတဲ့ဒေဝီရဲ့အလှက လမ်းမပေါ်ကို လျှံကျနေတယ်လေ။ အဲဒီဒေဝီကို လွမ်းလွမ်းရော်ရော် ငေးနေရာကနေ ကျွန်တော်တို့ဘက်ကိုလှည့်ပြီး အစ်ကိုကြီးက စကားတစ်ခွန်းပြောပါတယ်။ အဲဒီစကားကို ကျွန်တော်တို့ ဒီတစ်ကြိမ်ပဲ နားထောင်ခဲ့ရတာပါ။ နောင် ကျွန်တော်တို့နဲ့ အစ်ကိုကြီးနဲ့ ဝိုင်းဖွဲ့ဆုံကြတဲ့တစ်လျှောက်လုံး အစ်ကိုကြီးဆီက အဲဒီစကားကိုမကြားရတော့ပါဘူး။

အစ်ကိုကြီး "ဒေဝီရေ... ခဏလာပါဦးကွာ"ဆိုပြီး ဒေဝီကို ကျွန်တော်တို့ထိုင်နေတဲ့စားပွဲဆီကို လှမ်းခေါ်လိုက်တယ်။ ဒေဝီကတော့ အပြာထဲက ပြုံးလျလျနဲ့ပဲ ရောက်လာတယ်။ အရက်နံ့နဲ့ သနပ်ခါးနံ့ရောပြီး မွှေးပျံ့သွားတယ်။ ဒေဝီက ခေါင်းကလေးငုံ့နွဲ့ပြီး ထိုင်တယ်။ ပြီးတော့ "ကိုနိုင် ဘာလိုသေးလို့လဲဟင်" တဲ့။

"အစ်ကိုကြီး ဘာမှမလိုတော့ပါဘူး ဒေဝီရယ်။ ဒီညီလေးတွေက အစ်ကိုကြီးကို ဘာဖြစ်လို့ ဒီဆိုင်ကလေးမှာပဲ အမြဲထိုင်တာလဲလို့ မေးနေကြလို့ပါ။ အစ်ကိုကြီး ဘယ်လိုဖြေရလဲဟင် ဒေဝီ"

"ကိုနိုင်ရယ်..."ဆိုတာပဲ ဒေဝီမပွင့်တပွင့် ယောင်ယမ်းရင်း ရှက်ငုံ့ငုံ့ကလေး ထ,ပြီး

mgyoe.com

ဆိုင်ရှေ့ကနေရာလေးကို ပြန်သွားပါတယ်။ အဲဒီမှာ အစ်ကိုကြီးက ကျွန်တော်တို့ကို ပြောပြခဲ့တာပါ။

အစ်ကိုကြီးက နည်းနည်းမူးလာပြီဆိုရင် သီချင်းတစ်ပုဒ်ဖြစ်ဖြစ် ဆိုညည်းနေတတ်တာကလား။ 'အုံ့ပုန်းချစ်'ကိုတော့ သူအများဆုံးဆိုတတ်တယ်လေ။ ကိုစောညိန်းသီချင်းတွေထဲက ကျွန်တော်တို့ ဘာသီချင်းနားထောင်ချင်သလဲ ပြောလိုက်။ အစ်ကိုကြီးက ခံစားချက်အပြည့်နဲ့ ဆိုပြတတ်တယ်။ ထူးခြားတာတစ်ခုကတော့ ကိုစောညိန်းရဲ့ 'ပွင့်ဦး'ကိုဆိုခိုင်းရင်တော့ သူ ငြင်းတယ်။ မဆိုပါရစေနဲ့တဲ့။ ပြီးတော့ ဒေဝီကိုလှမ်းကြည့်တယ်။ ဒေဝီ နှင်းဆီနီကလေးတစ်ပွင့် ပန်ထားတဲ့နေ့က အစ်ကိုကြီး 'ချစ်ပြုံးနှင်းဆီ'သီချင်းဆိုတာ မှတ်ထင်နေသေးတယ်။ ဒီဆိုင်ကလေးကို ရောက်ရောက်လာတတ်ကြတဲ့သူတွေကလည်း အစ်ကိုကြီးသီချင်းသံကို အာဟာရတစ်ခုလို တမ်းတနေတတ်ကြပြီဆိုတော့ အထူးသဖြင့် ကျွန်တော်တို့ လစ်မစ်ရောက်ပြီဆိုင်ရင်... ငါးကျပ်ဖိုးစီမှာ၊ အစ်ကိုကြီးရဲ့ သီချင်းတစ်ပုဒ်နဲ့ ပိတ်လိုက်ကြတာပဲ။

ဘယ်တော့ဖြစ်ဖြစ် အစ်ကိုကြီးက သူ သီချင်းဆိုခါနီးတွင် ဒေဝီကိုတော့ အမြဲ ခွင့်တောင်းတတ်တယ်။ ဒေဝီက သိပ်လှတဲ့မျက်လုံးရွဲကြီးတွေဝင့်ပြီး ပြုံးပြလိုက်ပြီဆိုရင် အစ်ကိုကြီး ရင်ထဲကခံစားချက် ဂီတသံစဉ်တွေက ဒီဆိုင်ကလေးထဲမှာ ဝေ့ဝဲလို့သွားတော့တာပါပဲ။

ဒေဝီကရော။ အစ်ကိုကြီး သီချင်းဆိုနေတဲ့အချိန်မှာ ဘာလုပ်နေမယ် ထင်သလဲ။ လက်ကသာ အရင်ခြင်ရင်ခြင်နေမယ်။ အမြည်းလုပ်ရင်လုပ်နေမယ်။ တစ်ခုမဟုတ်တစ်ခု။ မျက်လုံးတွေကတော့ တစ်နေရာတည်းကိုပဲ စိုက်ကြည့်ပြီး ဝေရီနေတတ်တာကို ကျွန်တော်တို့ သတိပြုမိတယ်။ အစ်ကိုကြီးအသံက ဆွေးဆွေးမြည့်မြည့်နဲ့ ကြေကွဲဖို့ကောင်းပါတယ်။ အဲဒီကြေကွဲသံထဲမှာ ဒေဝီကလည်း ကွဲကြေနေပြန်တာပဲလား မသိဘူး။

တစ်ခါတုန်းကတော့ ကျွန်တော်ဒေဝီကို မေးလိုက်မိတယ်။ "ဒေဝီ... အစ်ကိုကြီး ဦးမြမိုးနိုင်ကို မချစ်ဘူးလား" လို့။ အဲဒီလိုမေးတော့ ဒေဝီရဲ့မျက်နှာလေးက ဝမ်းနည်းညိုးငယ်သွားတယ်။ မျက်တောင် ရှည်ရှည်ကော့ကော့တွေကို ပုတ်ခတ်ပုတ်ခတ် လုပ်ရင်း မျက်နှာကိုငုံ့ထားလိုက်တော့တယ်။

အစ်ကိုကြီးက ကျွန်တော်တို့ကို ပြောခဲ့ဖူးတာကိုး။ "ဒေဝီရဲ့မျက်နှာကလေးကိုမှ တစ်နေ့ မမြင်ရ မတွေ့ရရင် အစ်ကိုကြီး ညည အိပ်မပျော်ဘူးကွာ" တဲ့။ အစ်ကိုကြီးက သူ မုဆိုးဖိုဖြစ်တဲ့အကြောင်းနဲ့ သူ့အနားမှာ ဘယ်သားသမီးမှ မရှိတော့တဲ့ အကြောင်းတွေ

mgyoe.com

ကိုတော့ နောက်ပိုင်းမှာ ကျွန်တော်တို့ကို ပြောခဲ့တယ်။ အစ်ကိုကြီးက သူဒေဝီကို ချစ်တယ်လို့တော့ ကျွန်တော်တို့ကို မပြောပါဘူး။ ဒေဝီကိုရော ပြောသလားဆိုတော့ သူမပြောဘူးတဲ့။ ဒါကတော့ ဒေဝီနဲ့ကျွန်တော်တို့ ခင်မင်သွားတဲ့အခါ ကျွန်တော်တို့က ဟိုမေးသည်မေး လုပ်ရင်း ဒေဝီ့ဆီက ကြားရတဲ့စကားပါ။

(၃)

တစ်ညနေမှာတော့ အစ်ကိုကြီး ဦးမြမိုးနိုင်က 'ချစ်မိုးကြီး'သီချင်းကို ဆိုနေခဲ့တယ်။

အဲဒီညနေမှာ အစ်ကိုကြီး တော်တော့်ကို မူးမူးနဲ့ သီချင်းအကျယ်ကြီးအော်ဆိုနေခဲ့တာ။ သီချင်းသံက သိပ်ပြီး ကျယ်လောင်လွန်းလာတော့ ဒေဝီက "ကိုနိုင်ရယ်... ကိုနိုင်ရယ်"နဲ့ ချော့မော့နေခဲ့တာ။ အစ်ကိုကြီးက ပိုပြီးမူးလာ၊ သီချင်းသံက ပိုပြီးကျယ်လာတော့ ဒေဝီစိတ်ညစ်ညစ်နဲ့ ငိုနေခဲ့တာ။ အဲဒီနောက်ဆုံး ညနေက မြင်ကွင်းတွေ၊ သီချင်းသံတွေကို ပြန်ပြန်ပြီး အမှတ်ရမိနေတဲ့အချိန်တွေမှာတော့ ကျွန်တော်တို့က နံရံတွေဆီကို ရောက်နေခဲ့ကြပြီ။

အဲဒီနံရံတွေဆီမှာပဲ အပြင်ကို လွမ်းဆွတ်မိတဲ့အခါ လွမ်းမိတဲ့အထဲမှာ ဒေဝီရဲ့ 'အလွမ်းပင်လယ်'အရက်ဆိုင်ကလေး ပါတယ်။ အစ်ကိုကြီး ဦးမြမိုးနိုင်ပါတယ်။ ပန်းချီဆရာလေးကတော့ လေထန်ကုန်းမှာပဲ ကျရစ်ခဲ့တယ်။ ကျွန်တော်ရယ် ကဗျာဆရာလေးရယ်က နံရံတစ်ခုတည်းမှာပဲ အတူနေကြရင်း၊ သံတိုင်ကိုမှီရင်း၊ လရောင်ကိုငေးရင်း၊ ကြယ်ရောင်ထဲတွေးရင်း ညညဆိုရင် သီချင်းတွေကို ဆိုမိပြန်တဲ့အခါ အစ်ကိုကြီး ဦးမြမိုးနိုင်နဲ့ ဒေဝီတို့ကို အမှတ်ရမိကြပြန်တယ်။

ဒီလိုအချိန် ၄၂ လမ်းပေါ်မှာ လိမ္မော်ရောင်တွေဝေပြီဆိုရင်...

ကျွန်တော်တို့က အဲဒီလိုညနေတွေမှာ ကြေကွဲနေမယ့် အစ်ကိုကြီးရဲ့ သီချင်းသံတွေထဲမှာ ကွဲကြေနေပြန်ဦးမယ့် ဒေဝီရဲ့မျက်လုံးရီဝေတွေကို ပြန်မြင်ယောင်မိတတ်ကြတယ်။ ကျွန်တော်တို့အတွေးထဲမှာက တကယ်လို့ အစ်ကိုကြီးကသာ "ဒေဝီ့ကိုချစ်တယ်"လို့ ဖွင့်ပြောခဲ့ရင် ဒေဝီက ငြင်းမှာမဟုတ်ဘဲ ရှက်ပြုံးကလေးနဲ့ အဖြေပေးမှာပဲဆိုတာကို စိတ်ကူးနဲ့ဖြည့်ဖြည့်ပြီး တွေးနေတတ်ကြတာကလား။ တကယ်တမ်းကျတော့ ကျွန်တော်တို့အတွေးတွေ မှားခဲ့ကြတာကို။ နောက်ကာလအတန်ကြာပြီးတော့ ကျွန်တော်တို့ နံရံတွေဆီကနေပြန်ရောက်လာတော့မှ သိလိုက်ကြရတော့တယ်။

ပြန်ရောက်ရောက်ချင်း ညနေမှာပဲ ကျွန်တော်တစ်ယောက်တည်း ၄၂ လမ်းထဲကို

mgyee.com

ဝင်လာခဲ့တယ်။ အရင် လေး၊ ငါးနှစ်ကနဲ့ဆိုရင် ပြောင်းလဲမသွားသလိုပဲ စိတ်ထဲကထင်နေမိတယ်။ အရင်လို ကောင်းကင်အောက်ကို ကျွန်တော်တို့ ပြန်ရောက်လာတယ်လို့လည်း ခံစားလိုက်ရတယ်။ မိတ်ဟောင်းဆွေဟောင်းတချို့ကိုလည်း တွေ့ရပါရဲ့။ ၄၂ လမ်းထဲကို နည်းနည်းလျှောက်ဝင်လာပြီးမှ ဒေဝီရဲ့ဆိုင်ကလေးရှေ့မှာ ကျွန်တော်ရပ်လိုက်တော့ ပထမဆုံးသတိပြုမိတာက ဒေဝီကိုပါပဲ။ ဒေဝီကတော့ လှဆဲပါ။ ဒါပေမဲ့ ကျွန်တော့်ကိုမြင်တော့ ဒေဝီ့မျက်နှာမှာ ဆွေးရိပ် ယှက်သန်းသွားတာကို ကျွန်တော်မြင်လိုက်ရတယ်။

ဒေဝီကတော့ မှတ်မိနေဆဲပါပဲ။ ကျွန်တော့်စားပွဲမှာ အရက်တစ်ပိုင်းနဲ့ ခရမ်းချဉ်သီးသုပ်တစ်ပွဲ လာချတယ်။ ပြီးတော့ ဂျုံးသိန်းဆေးပေါ့လိပ်နဲ့ ရေဘူး၊ ရေခွက်။ ကျွန်တော်က လက်ကျန် စီးကရက်တစ်လိပ်ကို ထုတ်ပြီး မီးညှိဖွာရှိုက်လိုက်တယ်။ ပြီးတော့ ပထမဆုံး အရက်ခွက်ကို သောက်လိုက်တယ်။ အရင်လိုပဲ။ ဒေဝီကို ကြည့်ငေးနေလိုက်တယ်။ ဒီလေး၊ ငါးနှစ်အတွင်းမှာ ဒေဝီကလှနေဆဲပါ။ အဲဒီမှာ ဒေဝီရဲ့အလှကို ငေးကြည့်နေရင်းက အစ်ကိုကြီး ဦးမြမိုးနိုင်ကို သွားသတိရမိတယ်။ ပြီးတော့ နံရံအိုအိုကလေးပေါ်ကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။ မောင်ယဉ်မွန်ရဲ့ကဗျာကို ပြန်တွေ့လိုက်ရတယ်။ ကျွန်တော် ကျေနပ်သွားတယ်။ ကျွန်တော့်စိတ်ထဲမှာ ဒီဆိုင်ကလေးကို 'အလွမ်းပင်လယ်'လို့ပဲ ဆက်ပြီး ခေါ်နေမိတယ်။

မိတ်ဆွေဟောင်းတချို့က ကျွန်တော့်ကို လှမ်းနှုတ်ဆက်ကြတယ်။ အရင်လိုပဲ သူတို့လည်း ဒီနေရာလေးကို စွဲမြဲခဲ့ကြပုံရတယ်။ အဲဒီအချိန်မှာပဲ ခပ်လှမ်းလှမ်းစားပွဲက မူးမူးနဲ့ ဖွဲ့နွဲ့ပြောလိုက်တဲ့စကားသံကို ကျွန်တော် ကြားလိုက်ရတယ်။

"စာရေးဆရာရေ... ခင်ဗျားတို့ မရှိတော့တဲ့နောက်ပိုင်းမှာ ကျွန်တော်တို့လည်း လွမ်းစရာတွေ ကြုံခဲ့ကြတယ်"

လက်ထဲက အရက်ခွက်ကို စားပွဲပေါ် အသာပြန်ချပြီး ကျွန်တော် အဲဒီမိတ်ဆွေကို လှမ်းကြည့်နေမိတယ်။ သူက ကျွန်တော့်ကိုပဲ တိုင်တည်ပြီး ပြောနေပြန်တော့တယ်လေ။

"စာရေးဆရာတို့ ပေးခဲ့တဲ့ နာမည်အတိုင်း ဒီဆိုင်ကလေးမှာ အလွမ်းပင်လယ်ဝေခဲ့တာပေါ့ စာရေးဆရာရယ်။ ဒေဝီရေ... စိတ်မဆိုးပါနဲ့နော်။ စာရေးဆရာ... ခင်ဗျား အခုသောက်နေတာ အရက်မဟုတ်ဘူးဗျ။ မျက်ရည်တွေ... လွမ်းလို့ကျတဲ့ မျက်ရည်တွေ။ ဒေဝီရဲ့မျက်ရည်တွေ။ ဒေဝီရဲ့မျက်ရည်တွေကို ခင်ဗျားသောက်နေတာပါ"

ကျွန်တော် ဒေဝီကို လှမ်းကြည့်လိုက်တော့ ဒေဝီက အားတင်းပြီး ပြုံးပြရှာပါတယ်။ သူမရဲ့အပြုံးက ကြေကွဲဆွေးမြည့်နေပြန်တယ်။ ကျွန်တော် နားမလည်ဘူး။ အဲဒီတော့

mgyoe.com

mayoe.com

ကျွန်တော်က ဒေဝီကို လှမ်းခေါ်ပြီးမေးရတယ်။ "ဒေဝီ ကျွန်တော် ဘာမှမသိဘူး။ ဘာတွေလဲ"ဆိုတော့ ဒေဝီက သူ့ရင်အုံကြားက ပလတ်စတစ်အိတ်ကလေးကို ထုတ်လိုက်တယ်။ တယုတယဖြေတယ်။ နောက်ဆုံးမှာ ဓာတ်ပုံကလေးတစ်ပုံ ထွက်လာတယ်။ ကျွန်တော့်ကိုပြတယ်။ ဟင်... ဒါ အစ်ကိုကြီး ဦးမြမိုးနိုင်ရဲ့ပုံပဲပေါ့။

"မင်းတို့အစ်ကိုကြီးက ဒေဝီ့ကို ထာဝရလက်ဆောင်ပေးခဲ့တာလေ"တဲ့။

ပြီးတော့ ဒေဝီက ကျွန်တော့်စားပွဲမှာ နုံးလျှော့လျှော့လေး ထိုင်တယ်။ ကြေကွဲတိုးတိမ်တဲ့အသံနဲ့ သူမ ပြောနေတာတွေကို ကျွန်တော် နားထောင်လိုက်ရတယ်။ ဒေဝီက ဓာတ်ပုံကို သူမရဲ့ရင်အုံကြားမှာ တရိုတသေ ပြန်သိမ်းထည့်လိုက်တယ်။ ဩော်... ဒါကြောင့် ဒီညနေမှာ အစ်ကိုကြီး ဦးမြမိုးနိုင်ကို ကျွန်တော်မမြင်ရတာပဲလို့ ကျွန်တော် သဘောပေါက်သွားတယ်။ ရင်ထဲမှာလည်း နင့်နေသလိုပဲ။

"ဒါပေမဲ့ ညညဆိုရင် ဒေဝီ မင်းတို့အစ်ကိုကြီးရဲ့ သီချင်းဆိုသံကို ကြားကြားနေရတယ်"

လွန်ခဲ့တဲ့ တစ်နှစ်အကျော်လောက်ကပဲ အစ်ကိုကြီး ဆုံးပါးသွားခဲ့တယ်လို့ ဒေဝီက ပြောပြပါတယ်။ အစ်ကိုကြီးဆုံးတာကတော့ ရန်ကုန်မှာမဟုတ်ဘူး။ နယ်က သူ့သားနဲ့ချွေးမလက်ထဲမှာ ဆုံးတာတဲ့။ အစ်ကိုကြီး တော်တော်မမာလို့ သူ့သားနဲ့ချွေးမက လာခေါ်သွားကြတယ်ဆိုတာကိုတော့ ဒေဝီသိလိုက်တယ်တဲ့။ ဒီလိုနဲ့ တစ်ညနေခင်း ဆိုင်ကလေးမှာ လူစည်နေတုန်း ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက် မိုးရေတွေထဲမှာ ရောက်လာပြီး ဒေဝီကို ဒီဓာတ်ပုံကလေး ပေးသွားခဲ့တယ်တဲ့။ ဘာမှလည်း ပြောမသွားကြဘူးတဲ့။ အဲဒီအချိန်မှာ မိုးရေတွေက မိုးရေမဟုတ်ကြတော့ဘူးတဲ့။

"ဒေဝီလေ... ကိုနိုင့်ဆီက စကားတွေကို အချိန်အကြာကြီးကတည်းက မျှော်လင့်ခဲ့တာပါကွယ်"

ဒေဝီ ကျွန်တော့်စားပွဲက ထ,တယ်။ ကျွန်တော် ဒေဝီကို လိုက်ကြည့်နေမိတယ်။ ဒေဝီက လှတယ်။ အဲဒီလှတဲ့ မိန်းမက အရက်ရောင်းတယ်။ ကျွန်တော်တို့ အစ်ကိုကြီး ဦးမြမိုးနိုင်တို့က ဒေဝီ့ဆီမှာ အရက်ဝယ်သောက်ကြတယ်။ ဘာမှမဆန်းပါဘူး။

ဒါပေမဲ့ အရက်ရောင်းတဲ့ မိန်းမတစ်ယောက်က အရက် လာ လာ သောက်တဲ့လူတစ်ယောက်ကို အခုအချိန်မှာ လွမ်းနေတယ်ဆိုတာကတော့ ဆန်းပါတယ်။ ဒေဝီကို ကျွန်တော် လှမ်းကြည့်တယ်။ ဒေဝီက သိပ်ကို လှနေဆဲပါ။ တခြားဝိုင်းတွေကိုလည်း ကျွန်တော် ငေးကြည့်မိတယ်။ သူတို့လည်း ဒေဝီရဲ့အလှကို အရက်နဲ့ မြည်းကြတုန်းပါ။

mayoe.com

ဆိုင်ကလေးမှာကတော့ ငြိမ်းချမ်းအုံ့ဝေနေတော့တာပါပဲ။

ကျွန်တော် ဒေဝီ့ရှေ့မှာရပ်လိုက်တယ်။ ငါးကျပ်ဖိုးထည့်ခိုင်းပြီး တစ်ခါတည်း မော့ချလိုက်တယ်။ ဒေဝီလှတာတွေအကုန်လုံးကို ကျွန်တော် သိမ်းကျုံးပြီး ကြည့်ပစ်လိုက်တယ်။ ကျွန်တော် ပိုမူးသွားတယ်။ ဒေဝီရဲ့မျက်ရည်တွေနဲ့ ကျွန်တော့်ရင်ဘတ်ထဲမှာ ဆူဝေသွားပြီ။ ကျွန်တော် ဆေးလိပ်ကိုမီးညှိလိုက်တယ်။ အဲဒီမှာ ဒေဝီက ကျွန်တော့်ကို စကားတစ်ခွန်းပြောတယ်။

"မင်းတို့အစ်ကိုကြီးက ဒေဝီကို အမြဲစောင့်ရှောက်နေပါတယ်ကွယ်"

ကျွန်တော် ဒေဝီ့ရှေ့က ထွက်လာခဲ့တယ်။ ဟုတ်မယ်။ အစ်ကိုကြီးက စောင့်ရှောက်နေလိမ့်မယ်။ ကျွန်တော် ဒီဆိုင်ကလေးမှာ ဘယ်အရက်သမားကမှ ဒေဝီကို ထိကပါးရိကပါးလုပ်တာလည်း မတွေ့ရဘူး။ ဒေဝီနဲ့ အစ်ကိုကြီးတို့ရဲ့ အုံ့ပုန်းချစ်ဇာတ်လမ်းလေးကို အရက်သမားတွေက လသာရင် ပြန်ပြန်ပြီး လွမ်းနေကြတော့တာပဲ။ ဒေဝီပြောတဲ့ ညညဆိုရင် အစ်ကိုကြီးရဲ့သီချင်းဆိုသံကို ကြားကြားနေရတယ်ဆိုတာ ဟုတ်များနေမလား။

ကျွန်တော် ၄၂ လမ်းထဲကထွက်လိုက်ပြီး တွေ့တဲ့ဆိုက်ကားတစ်စီးပေါ်ကို တက်လိုက်တယ်။ ဆိုက်ကားဘီး စ,လိမ့်တာနဲ့ ကျွန်တော် 'ချစ်မိုးကြီး'သီချင်းကို စ,ဆိုတယ်။

မဟေသီမဂ္ဂဇင်း၊ အမှတ် (၁၃၂)၊ နိုဝင်ဘာ၊ ၁၉၉၅

❑

mgyoe.com

mgyoe.com

# သိက္ခာရှိသောလူတစ်ယောက်

မောင်ခင်သာ(မြင့်)

(၁)

"ဒီမှာ၊ ကွာရှင်းစာချုပ်၊ ကျွန်မလက်မှတ်ထိုးပြီးသား၊ စာချုပ်ထဲမှာ ဘာမှတောင်းဆိုထားတာမရှိဘူး၊ အခုကျွန်မတို့နေနေကြတဲ့ တိုက်ခန်းကတော့ ရှင့်ဆန္ဒအရ ကျွန်မနာမည်နဲ့ဝယ်ပေးပြီး ညည်းဖို့လို့ပြောခဲ့တယ်လို့ မှတ်ထားတဲ့အတွက် ကျွန်မ ယူပြီးကျန်ရစ်နေမယ်။ ဒီအိမ်ကရှိတဲ့ပစ္စည်းတွေနဲ့ ရှင်လိုချင်တာမှန်သမျှ ယူသွားပါ။ ကျွန်မကိုမေးမနေပါနဲ့တော့"

နံနက်မိုးမလင်းသေး။ လက်၌ပတ်သောနာရီကိုကြည့်တော့၊ ငါးနာရီခွဲ။ အိမ်ခန်း၏ မှန်ပြတင်းပေါက်မှ မြင်နေရသည်က နှင်းကျနေသောမြင်ကွင်း။ မြူဆိုင်းနေသောမြင်ကွင်း။ တစ်ဖက်တိုက်က(၃)ထပ်တိုက်ဖြစ်သဖြင့် ကောင်းကင်ကို ထုတ်ချင်းပေါက် မြင်နေရလေသည်။

"ညည်းဒီတစ်ခေါက်၊ ခရီးထွက်သွားတာ ဒီလိုကိစ္စတွေအတွက် စီစဉ်ဖို့သွားခဲ့တာလား"

အိပ်ရာခုတင်ပေါ်တွင် ငုတ်တုတ်ထိုင်ရင်း ပြတင်းပေါက်အနီး၌ မတ်တတ်ရပ်နေသော သူမကို ပြောလိုက်သည်။ လေအေးစက်၏ ပန်ကာဒလက်ငြိသံသဲ့သဲ့ကိုသာ ကြားရသည်။ ပြန်လည်ဖြေကြားခြင်းမပြု။

"တို့တစ်တွေ လင်မယားဖြစ်ခဲ့တာ ၁၀နှစ်ပြည့်တော့မယ်နော်။ ကလေးမရတာ

mgyoe.com

ကံမကောင်းတာလား ကံကောင်းတာလား ဝေခွဲမရဖြစ်နေခဲ့တာ၊ ကလေးသံယောဇဉ်နဲ့ ဆိုရင်တော့ ညည်းဒီလိုလုပ်တာကို တို့အနေနဲ့လက်ခံပြီး စဉ်းစားနိုင်ဖို့ကိုပဲ ခဲယဉ်းလိမ့်မယ် ထင်တယ်"

"ကျွန်မ ရှင်မသိအောင် သားကြောဖြတ်ခဲ့တာ။ ပထမတော့ ဆေးသောက်သေး တယ်။ ရှင့်ကိုရေရှည်ပေါင်းနိုင်ပါ့မလား မသေချာတော့တဲ့ (၂) နှစ်မြောက်ကတည်းက လုပ်ဖြစ်ခဲ့တာ"

"အင်း၊ ညည်းအမေဆုံးတဲ့ နှစ်(၆)လကျော်ကြာအောင် ပြန်သွားတဲ့နှစ်ကဖြစ် မှာပေါ့"

ပူလောင်သောနေရောင်က အိမ်ခန်းအတွင်းသို့ တဖြည်းဖြည်းချင်း ဝင်ရောက်လာ လေသည်။

"နေပါဦး၊ ညည်း ဒီလိုဆုံးဖြတ်ရအောင် ညည်းကိုတို့အနေနဲ့ ဘာတွေချုပ်ချယ် ခဲ့လို့လဲ၊ အိမ်ထောင်သက် ၁၀နှစ်ကာလအတွင်း တို့လည်းအသက်လေးဆယ်ကျော် အခုချိန် ထိ ညည်းကို တို့ရဲ့ဇနီးအနေနဲ့ရော၊ မိတ်ဆွေအရင်းချာတစ်ဦးလိုပဲ စိတ်ရင်းအတိုင်း ဆက်ဆံခဲ့တယ်လေ။ ညည်းအလုပ်နဲ့ပတ်သက်ပြီးလည်း ချိုတယ်၊ ခါးတယ်တို့ မပြောမိ ခဲ့ပါဘူး"

"ခုမှတော့ရှင်၊ ဒါတွေမပြောပါနဲ့တော့။ ခုတင်တစ်ခုတည်းမှာ ချောက်ကြီးခြား ထားသလိုဖြစ်နေခဲ့တာ ဘယ်နနှစ်ရှိပြီလဲ၊ ရှင်အသိဆုံးပဲ"

"တို့အိမ်ပြန်ရောက်တဲ့ အချိန်အများစုမှာ ညည်းလည်းအိပ်မောကျနေပြီလေ... ထားရဲ့"

"တော်ပါတော့ရှင်၊ ရှင့်စိတ်ကို ကျွန်မရခဲ့လို့လား။ ရှင့်ရဲ့နွေးထွေးမှု၊ ရှင့်ရဲ့စိတ်လို လက်ရကြင်နာမှုတွေနဲ့ ကျွန်မကို ဘယ်နှခါများ မေးခွန်းတစ်ခုတလေလေးကို နွေးနွေး ထွေးထွေး မေးခဲ့ဖူးလို့လား"

ကျွန်တော်သဘောပေါက်သွားခဲ့ပြီဖြစ်သည်။ သူမ၏အသက်က အခု(၃၅)နှစ်ပင် မပြည့်တတ်သေး။ အသက်(၂၅)နှစ်အရွယ်သူမနှင့် ကျွန်တော်လက်ထပ်ခဲ့သည်။ လွန်ခဲ့ သော (၁၀)နှစ်ခန့်က လက်ထပ်ခဲ့သည်။ မိဘပေးစားခဲ့၍ ကျွန်တော်တို့အိမ်ထောင်ကျ ခဲ့ကြသည်။

*

mgyoe.com

(၂)

လက်ထပ်ခြင်းမပြုမီအချိန်ကတည်းက ကျွန်တော့်အလုပ်က ဓာတ်ခွဲခန်းလက်ထောက်။ နယ်ဆေးရုံကြီးများမှ နောက်ဆုံးပြောင်းလာခဲ့ရပြီး ရန်ကုန်သို့ရောက်ခဲ့သည်။ ပြင်ပဓာတ်ခွဲခန်းတွင်လည်း အချိန်ပိုင်းဝင်၍အလုပ်လုပ်သည်။ ထို့ကြောင့် ကျွန်တော်အိမ်သို့ပြန်ရောက်ချိန်က မမှန်တတ်။ ဆယ်နာရီခွဲနှင့် ဆယ့်တစ်နာရီကြား ညတိုင်းလိုဖြစ်ခဲ့သည်။ စနေ၊ တနင်္ဂနွေ ကျွန်တော်အိမ်မှာနေနိုင်စေရန် ဆေးရုံဂျူတီကိုလည်း လုပ်ဖော်ကိုင်ဖက်အချင်းချင်းတို့၏ ကူညီဖေးမမှုများဖြင့် ကျွန်တော် အဆင်ပြေစွာဖြတ်သန်းနိုင်ခဲ့သည်။ ယခုအခါထိုအချိန်ကာလများသည်၊ အပြစ်တင်စရာကောင်းသော အချိန်ကာလများ ဖြစ်သွားပြီဟု ကျွန်တော်သိခွင့်ရလိုက်သည်။ လက်ထပ်ပြီးစက၊ ငပလီသို့ ဟန်းနီးမွန်းထွက်ခဲ့သောအချိန်တို့မှာ မှုန်ဝါးသွားသော အစက်အပြောက်များသာဖြစ်ပါလိမ့်မည်။

အမှန်အတိုင်းပြောရလျှင် သူမအပေါ်တွင်၊ အထင်သေးစိတ်ဖြင့် တစ်ကြိမ်တစ်ခါမျှ မဆက်ဆံခဲ့ဖူးဘူးဟု ကျွန်တော်ပြောရဲသည်။ ကျွန်တော့်မိဘများသည် ကျွန်တော့်အကြိုက်ကိုသိကြပါသည်။ ကျွန်တော် ဘာကိုတန်ဖိုးထားတတ်မှန်းလည်း နားလည်ကြပါသည်။ ထို့ကြောင့်ပင် ငယ်သူငယ်ချင်းများဖြစ်ခဲ့ကြသော သူတို့လူကြီးအချင်းချင်းစီစဉ်ကာ၊ ကျွန်တော်တို့နှစ်ဦးကို လက်ထပ်ပေးခဲ့ခြင်းဖြစ်ခဲ့ပါသည်။

ကျွန်တော့်အဖို့မူ ရွှေရုပ်ကလေးတစ်ခုကောက်ရခဲ့ခြင်းဟု စိတ်ထဲ၌ တင်စားစိတ်ဖြင့် တန်ဖိုးထားကာ သူမကိုလက်ထပ်ခဲ့ပါသည်။ သူမသည်ရိုးသားသည်။ ပွင့်လင်းသည်။ အသားဖြူသကဲ့သို့ သဘောဖြူသည်။ နွဲ့ပုံနွဲ့ပန်းဟန်ပေါ်သော်လည်း သန်မြန်သည်။ စိတ်ဆတ်သည်။ ဆံပင်ကို အရှည်မထားသဖြင့် ဘေးတိုက်ကြည့်လျှင်ပင် တစ်ခါတစ်ရံ၌ ယောကျ်ားပုံစံထွက်နေတတ်သည်။ အသံကရှင်းလင်းကြည်လင်ပြီး ချိုသည်။ အော်၍ပြောဆိုတတ်ခြင်းမရှိ။ လူကိုတည့်တည့်ကြည့်ကာ ခပ်ဘင်းတင်းပြောချင်ပြောတတ်ပြန်သည်။ မိဘများ၏ လက်ငုပ်လက်ရင်း စီးပွားရေး၌ သူမရရှိခဲ့သည့် ဘွဲ့ပညာရပ်များကို အသုံးချကာ ငွေကိုစီမံခန့်ခွဲ လုပ်ကိုင်လျက်ရှိသည်။ သူတို့မိသားစု စက်ရုံကလေး၌ သူမ၏ဖခင်ကြီးပြီးလျှင် သူမ သြဇာအရှိဆုံးသူအဖြစ် အုပ်ချုပ်နိုင်သည်။ တစ်လလျှင် (၁၀) ရက်ခန့် မိဘများရှိရာ မြို့သို့သွားကာ လုပ်ငန်းများကို စီမံဆောင်ရွက်လေ့ရှိသည်။ အိမ်တွင် သူမ၏ မိဘများ၏ ဆွေမျိုးသားချင်းထဲမှ အသက်(၆၀)ဝန်းကျင်ရှိမည့် ဦးကြီးကောင်းဆိုသူကို လက်ထပ်စဉ်ကငှားနေသော ကျွန်တော်တို့၏ အိမ်ကလေးသို့ပို့ထားသည်။ တိုက်ခန်းသို့ ပြောင်းနေသောအခါ ကျွန်တော်တို့ တိုက်ခန်းနှင့်အနီးဆုံးဘော်ဒါဆောင်တစ်ခုတွင် ဦးကြီး

mgyoe.com


ကောင်းကိုထားကာ အိမ်ရှိဝေယျာဝစ္စ၊ အချက်အပြုတ်၊ အလုပ်အကိုင်များကို နံနက်မှ ညပိုင်းအထိ လုပ်စေပြီးအဆောင်သို့ပြန်ခိုင်းသည်။ စနေ၊ တနင်္ဂနွေနေ့များဆိုလျှင် သူမသည် အိမ်ရှင်မစစ်စစ်ဖြစ်တော့သည်။ ဦးကြီးကောင်းကိုလည်း နားရက်ပေးထားခဲ့လေသည်။ ကျွန်တော်တို့၏ နိစ္စဓူဝ အိမ်ထောင်သည်ဘဝကား ဤကဲသို့လည်းပတ်နေခဲ့သည်ဟု ဆိုနိုင်ပါသည်။

ညားခါစကတည်းက ကျွန်တော့်ကို "အစ်ကိုသက်"ဟုခေါ်သည်။ ကျွန်တော်ကမူ သူမအမည်"ထားသဇင်"မှ"ထား"ကိုယူကာ ထားဟူ၍ပင်ခေါ်သည်။ ငယ်သူဖြစ်၍ "ညည်း"တွေ"ငါ"တွေပြောတာလည်းရှိသည်။ သူမအနေဖြင့် ထိုအချက်များနှင့် စပ်လျဉ်း၍ မျက်နှာပျက်ခဲ့သည်ဟု ကျွန်တော်မထင်ပါ။

ငွေရေးကြေးရေးကိစ္စဆိုလျှင်လည်း မိန်းမဖြစ်၍ ယောကျ်ားလစာအကုန်အပ်ရမည်ဟူသော အမျိုးအစားတွင်မပါဝင်ခဲ့ပါ။ ကိုသက် ကျွန်မကို တစ်လငွေဘယ်လောက်အပ်နိုင်မလဲဟူ၍ မေးပြီး နည်းသည်များသည် ဘာမျှမပြော။ အိမ်ထောင်ကျပြီး (၆)လအကြာတွင် ပုဂ္ဂလိကဘဏ်တစ်ခုသို့ သူမကပင်ခေါ်သဖြင့်အတူလိုက်ပါသွားခဲ့သည်။ မှတ်ပုံတင်ယူခဲ့ပါဟုဆို၍ ယူခဲ့ရသည်။ ထိုဘဏ်၌ငွေစုစာအုပ်ကို သူမနှင့်ကျွန်တော်တို့နှစ်ဦး အမည်နှင့်ထားပြီး ကျွန်တော်၏ အပ်ငွေထဲမှ သူမချန်ထားသောငွေဖြင့် ငွေစုစာအုပ်စာရင်း ဖွင့်ခဲ့သည်။ ငွေစုစာအုပ်ကို သူမသိမ်းထားပြီး သူမ၏ မိဘများက မုန့်ဖိုးပေးလျှင်လည်း ဘယ်ရွေ့ဘယ်မျှငွေစုစာအုပ်တွင် ထည့်လိုက်ကြောင်း ငွေစုစာအုပ်ကလေးကို ထုတ်ပြတတ်သည်။ ငွေရေးကြေးရေးတစ်ကြိမ်တစ်ခါမျှ ညည်းညူပြခြင်းလည်းမပြုခဲ့ပေ။

သို့သော် ယခုတော့ ကွာရှင်းစာချုပ်ကို တစ်ဖက်သတ်လက်မှတ်ထိုးကာ ကွာရှင်းပေးရန်တောင်းဆိုနေပြီဖြစ်သည်။

*

(၃)

"ရှင် စာချုပ်မှာ လက်မှတ်ထိုးပေးမယ်မဟုတ်လား"

တိတ်ဆိတ်မှုကို သူမကပင် စတင်၍ ဖြိုခွင်းလိုက်လေသည်။

"ဒီကိစ္စကို သေသေချာချာစကားပြောဖြစ်ဖို့ မလိုဘူးလား ထား"

"ရှင်ဘာဖြစ်ချင်လို့လဲ၊ ဘာတွေပြောချင်သေးလို့လဲ"

"မနက်ဖြန်တို့ အလုပ်မသွားတော့ဘူး၊ ထားအဆင်ပြေတဲ့အချိန်လာခဲ့ပေါ့။ အခု

mgyoe.com

လည်းအိမ်မှာ ညမအိပ်ဘူးမဟုတ်လား"

"ဒါက အခုချိန်မှာ ကျွန်မရဲ့ကိုယ်ပိုင်ကိစ္စဖြစ်သွားပြီ အစ်ကိုသက်။ ဒါဆို မနက်ဖြန် နေ့လယ်မှာစောင့်နေပါ။ ဦးကြီးကောင်းလည်း ဒီနေ့ကစပြီးလာမှာမဟုတ်တော့ဘူး။ အဲဒါလည်း အသိပေးချင်တာပါတယ်"

ဖြတ်တောက်စရာကိစ္စများဟု တွေးရသမျှကို ဖြတ်တောက်နေခြင်းဖြစ်ပုံရသည်ဟု ကျွန်တော်နားလည်နေပါသည်။ လူတစ်ယောက်အနေဖြင့် ယောကျ်ားတစ်ယောက်အနေဖြင့် စိတ်တိုခြင်း၊ ဒေါသဖြစ်ခြင်းများဖြင့် အလွယ်တကူပေါက်ကွဲရန် အခြေအနေ၌ ကျွန်တော်၏ ယခုလိုတုံ့ပြန်မှု သွေးအေးနေခြင်းကို "ထား" လည်း အံ့သြနေပုံရလေသည်။

ဦးကြီးကောင်းသည်ပင် အသက်ခုနစ်ဆယ်နားကပ်နေပြီဖြစ်လေသည်။ "ထား" အနေဖြင့် ဒီအိမ်ထောင်သက်တမ်းအတွင်းမှာ ကျွန်တော်နှင့်ဦးကြီးကောင်းတို့၏ ယောကျ်ားချင်းအပြန်အလှန်နားလည်မှု၊ သံယောဇဉ်တရားတို့ကို ထည့်သွင်းတွက်ချက်မည်မထင်ပါ။ သူမ၏ရှေ့မှောက်တွင် ဦးကြီးကောင်းနှင့် ကျွန်တော်တို့သည် တိုင်ပင်ထားခြင်းမရှိသော်လည်း တစ်ဦးနှင့်တစ်ဦး စကားပြောဖြစ်ခြင်း အလွန်နည်းပါးခဲ့ပါသည်။ မဖြစ်မနေပြောစရာစကားရှိလျှင်လည်း ဦးကြီးကောင်းကပင် စတင်၍ မေးလေ့ရှိခဲ့ပါသည်။ သို့သော်၊ သူမမိဘများထံသွားရသည့်ရက်များတွင် တစ်ခါတစ်ရံ ကျွန်တော်နှင့်ဦးကြီးကောင်းတို့နှစ်ဦးမှာ ညဦးပိုင်းအတူတူ ယမကာဝိုင်းလေးပင် ဖွဲ့ကြသည်အထိ ထိတွေ့ဆက်ဆံမှုများ ရှိခဲ့ကြကြောင်းကိုမူ 'ထား' သိရှိလိမ့်မည်မထင်ပါ။ ကျွန်တော်တို့၏ ဤကဲ့သို့သောဆက်ဆံရေးကြောင့်ပင် လွန်ခဲ့သောနှစ်နှစ်ကျော်ခန့်က အမှတ်မထင်ပင် ထားသဇင်၏ အနေအထားတစ်ခုကို ကျွန်တော်သိခဲ့ရပါသည်။

"ဆရာလေး ဒီစာအုပ်လေးကို မမလေးတို့အဖေက ဆရာလေးကို ပေးလိုက်ဖို့ ကျွန်တော့်ကိုခိုင်းလိုက်လို့ပါ" ဒိုင်ယာရီစာအုပ်တစ်အုပ်။ ကနဦးရေးဖြစ်သည့်စာအုပ်ဖြစ်ပုံရသည်။ သူမ၏အဖေသည် ဤစာအုပ်ပါအချင်းအရာများကိုလည်း ကျွန်တော့်အား သိစေချင်ပုံရသည်။ အဖုံးက၊ သားရေအဖုံးနှင့်ဖြစ်သည်။ အထဲရှိလက်ရေးများမှာ 'ထားသဇင်'၏ လက်ရေးများဖြစ်ပါလိမ့်မည်။ ဦးကြီးကောင်းသည် ကျွန်တော့်ကိုဆရာလေးဟု ခေါ်သည်။ "ထားသဇင်"ကိုမူ သူမတို့၏ မိသားစုအတွင်းရှိ အခြားလူများခေါ်သကဲ့သို့ မမလေးဟုခေါ်ပုံရသည်။

အဆိုပါစာအုပ်ကို ကျွန်တော်လက်ခံရရှိပြီးနောက် ရေးထားသည်များကို ထပ်ကာထပ်ကာ ဖတ်ဖြစ်သဖြင့် အလွတ်နီးပါးရခဲ့ပြီးဖြစ်သည်။ ကျွန်တော့်အနီး၌ ရှိလျက် ကျွန်တော်

mgpoe.com

မသိခဲ့သော အခြားသောမိန်းမတစ်ဦး၏ ရင်တွင်းစကားများဟုလည်း တင်စားခေါ်နိုင်မည် ထင်ပါသည်။

ထိုစာအုပ်လေးကိုထုတ်၍ သူမ၏မှတ်သားထားသော ရက်စွဲများကိုကျော်ကာ အဓိကစာသားများကို အစမှအဆုံးတိုင် အတော်ညဥ့်နက်သည်အထိ ထပ်မံ၍ ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။

ရက်ပေါင်းသုံးရာကျော် ရေးသားခဲ့သော စာသားများသည် ကျွန်တော်၏ နှလုံးသားများအား တစ်စစီချိုးဖဲ့နေကြသည်ကို ဤတစ်ကြိမ်၌လည်း ထပ်မံ၍ကျွန်တော် ဖတ်ဖြစ်ခဲ့သည်။

တကယ်တော့ သူ့ကို ကျွန်မ ဓာတ်ပုံမှတစ်ဆင့်သာ တွေ့ဖူးခဲ့သည်။ အရပ် ၅ ပေ ၇ လက်မကျော်ရှိသော အသားအညိုရောင်ဘက်လုသော ဆံပင်ထူထူအမြဲထားတတ်သော၊ မျက်လုံးမျက်ဖန်ကောင်းသော၊ စကားပြောလျှင် အသံတိုးတိုးသာပြောလေ့ရှိသည်ဆိုသော ဝိသေသများသည် ကျွန်မကြိုတင်သိရှိခဲ့သောသူ၏ အကြောင်းအရာတချို့ဖြစ်ပါသည်။

ကျွန်မ၏ မေမေသည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ အသိပေးသင့်သည်များကို အသိပေးပြီးဖြစ်၍၊ သမီးအနေဖြင့်အထပ်ထပ်စဉ်းစားကာ ကိုယ်ပိုင်ဉာဏ်ဖြင့် လက်ခံကျင့်သုံးတတ်ရန် အတွတ်တွတ်ပြောမြဲပြောနေဆဲပင်ဖြစ်သည်။ ကျွန်မလည်း သေချာမှတ်သားခဲ့ပါသည်။ လင်ရယ် မယားရယ်ဖြစ်ရတော့မည့် လူနှစ်ဦး၏သဘောသဘာဝများကို သေသေချာချာကြီးကို မှတ်သားခဲ့ပါသည်။ မေမေက ကျွန်မမေးသမျှ ကရုဏာဒေါသနှင့် ရှင်းပြခဲ့သည်မှာ အကြိမ်များစွာဖြစ်ရုံမျှမက မမေးခဲ့သည့်ကိစ္စများအထိပါ သိတန်သမျှ ကျွန်မသိရှိခဲ့ရပါသည်။

မေမေထံမှ သိတန်သမျှသိခဲ့ရပြီးနောက် ကျွန်မသည် အိမ်ထောင်သည်ဘဝကို သည်လိုမျိုးလားဟု ကိုယ်ဘာသာ မေးခွန်းထုတ်ကြည့်မိပါသည်။ မင်္ဂလာဆောင်တယ်ဆိုတာ လူနှစ်ဦးရဲ့ ဖိုမဆက်ဆံရေးအထိ ခွင့်ပြုခြင်းနှင့် ဂုဏ်ပြုစကားများဖြင့်ကြိုဆိုကာ ဝမ်းသာကြောင်း မင်္ဂလာစကားများပြောကြားခြင်းတို့ကို လူနှစ်ဦးက လူပုံအလယ်မှာ မျက်လုံးပေါင်းများစွာရဲ့အလယ်မှာ ပြုံးရယ်ပြကာ အကြည့်ခံခဲ့ရခြင်းများလား။

ဒါမှမဟုတ် ကျွန်မနဲ့ သူနဲ့ လက်ထပ်ပြီးနောက် လူများစွာ၏အနံ့များ၊ ရယ်မောနေကြသံများ၊ ပန်းကန်သံဖွန်းသံများအား ဖြတ်သန်းကာ မင်္ဂလာအိပ်ခန်းထဲရောက်အောင် သတို့သမီး သတို့သားတို့က သွားခဲ့ကြခြင်းများလား။

mgyoe.com

ကျွန်မခင်ပွန်းဖြစ်သူက ကျွန်မ၏လက်ကို အသာအယာကိုင်ဆွဲကာ သို့မဟုတ်၊ ကျွန်မပခုံးလေးကို ဖွဖွကိုင်ကာ ဘယ်လိုမျက်လုံးတွေမှ ကြည့်ရှုခြင်းမခံရတဲ့ လုံခြုံစိတ်ချရတဲ့အိပ်ခန်းထဲမှာ ကျွန်မရဲ့အပျိုစင်ဘဝကို ထိုးအပ်ရမယ့်ကိစ္စများလား။

ထိုနေရာသည်၊ ကျွန်မ၏ အိမ်ထောင်သည်ဘဝသို့ တက်လှမ်းရမည့် ဆိပ်ကမ်းအဖြစ်ကျွန်မယခင်က မစဉ်းစားမိခဲ့ပါ။ အပျိုစင်ဘဝကို ထားခဲ့ရမည့် အနာဂတ်၏အစဟုလည်း မစဉ်းစားမိခဲ့ပါ။

ဤဆိပ်ကမ်းမှတစ်ဆင့် အိမ်ထောင်သည်ဘဝ သင်္ဘောကြီးဖြင့် ရွက်လွှင့်ရလိမ့်မှာ ဟူ၍လည်း ကျွန်မမစဉ်းစားမိခဲ့ပါ။ ရွက်လွှင့်နေသည့် သင်္ဘောကြီးပေါ်တွင် ရွက်ကြိုးကို ကျွန်မကကိုင်ကာ သူ့ကိုစကားတွေ ပြောဖြစ်နေမည်လား။ သူကပဲ ရွက်ကြိုးကိုကိုင်ကာ ကျွန်မကို စကားတွေပြောနေမည်လား။ ကျွန်မ၊ မသိပါ။ သို့သော် ထိုရွက်လွှင့်ရာသို့ လိုက်ပါရန် ကျွန်မကိုယ်တိုင် သဘောတူခဲ့ခြင်းဟူ၍ အလန့်တကြားနားလည်လိုက်ပါသည်။

မင်္ဂလာဦးညတွင် ကျွန်မအနားသို့ သူရောက်လာခဲ့ပါသည်။ မင်္ဂလာနေ့ရက်များ မတိုင်မီ ကျွန်မတို့အိမ်သို့ (၃) ရက်ခန့်နေစဉ် သူလာရောက်ခဲ့သဖြင့် ကျွန်မတို့ချင်း အေးအေးဆေးဆေးစကားတွေပြောဖြစ်ခဲ့ဖူးပြီး ဖြစ်ပါသည်။ သူ၏အသံကို ကျွန်မကြိုက်ပါသည်။ ယောကျ်ားကောင်းတစ်ဦး၏ ရှင်းပြတ်ချိုသာသော စကားသံမျိုးဟု ကျွန်မထင်သည်။ ကျွန်မသည် သူနေထိုင်ရာ ရန်ကုန်ရှိနေအိမ်သို့ မင်္ဂလာဆောင်ပြီးသည့်နေ့မှာပင် လိုက်ပါခဲ့ပါသည်။ ရန်ကုန်မြို့ထဲရှိ၊ ဆိတ်ငြိမ်သောရပ်ကွက်ရှိ ဟိုတယ်ကြီးတစ်ခု၏ တစ်ခုသောအခန်းကို(၃)ရက် ငှားရမ်းထားသဖြင့် ကျွန်မတို့မင်္ဂလာဦးညသည်၊ ထိုဟိုတယ်တွင် အစပြုခဲ့ပါသည်။ ဒီအချက်သည် ကျွန်မသူ့ကိုနားမလည်သည့် ပထမဆုံးသော ကိစ္စဖြစ်ပါသည်။ ဟိုတယ်(၃)ရက်မျှငှားရမ်းရန် အမှန်တကယ်လိုအပ်ခဲ့ပါသလားဟု ကျွန်မသူ့ကိုမမေးခဲ့ပါ။

ဟိုတယ်အခန်း၏ မျက်နှာစာတွင် လေညင်းခံရန်အတွက် လသာဆောင်သဖွယ် ရှေ့သို့ဝရန်တာအဖြစ်ထုတ်ထားသဖြင့် ကျွန်မထွက်ရပ်ကာ ငေးနေချိန်၌ ကျွန်မအနားသို့ သူရောက်လာခဲ့ပါသည်။ သူ၏မျက်လုံးကို ကျွန်မသေသေချာချာကြည့်ခဲ့ပါသည်။ ကျွန်မကို တပ်မက်စိတ်ဖြင့် ကြည့်နေခြင်းမဟုတ်ဘဲ၊ ကျွန်မနှင့်ပြေလည်လိုသော စိတ်ဆန္ဒ၌ တစ်စုံတစ်ရာကျူးလွန်မည်ဟု အားခဲထားသော ပုံရိပ်မျိုးလည်းမရှိပါ။ ကျွန်မကိုတန်ဖိုးထားသော၊ ကျွန်မစိတ်ကိုနားလည်ချင်သော ပုံရိပ်ကိုသာ ကျွန်မဖမ်းမိခဲ့ပါသည်။

ထိုနေ့ညက၊ အများသူငါတန်ဖိုးထားသော မင်္ဂလာဦးညပုံစံမျိုးကို ကျွန်မ မကြိုက်ဘူး။ ကျွန်မစိတ်ကို ကျွန်မနားမလည်နိုင်သေးဘူး။ ကျွန်မကိုခွင့်လွှတ်ပေးနိုင်မလား။

ဆိုတော့ သူက ကျွန်မလက်ဖဝါးလေးနှစ်ဖက်ကို သူ့ရဲ့ လက်ဖဝါးနှစ်ဖက်နှင့်ဆွဲပြီး အသာ အယာဆုပ်ကိုင်ရင်း "ထားလို့ ခေါ်မယ်နော်"။ ပြီးတော့ အကြာကြီးဘာမှမပြောဘဲ ငေးကြည့်နေရင်းက "ထား စိတ်တိုင်းကျနေပါ"။ "ထားသဘောအတိုင်းပါ"လို့ ပြောလိုက်တော့ ကျွန်မရင်တွေ အရမ်းခုန်သွားခဲ့သည်ကို ကျွန်မ သိလိုက်ရပါတယ်။ ရန်ကုန်၌ မင်္ဂလာဦးညတွေကို ဟိုတယ်ဝရန်တာ၏ ရှေ့ဘက်ကလေးမှာ နှစ်ဦးသား ထိုင်ခုံ တစ်ယောက်တစ်လုံးထုတ်ပြီး ထိုင်ရင်း သာနေသည့် လရောင်အောင်မှာပဲ စကားပြောရင်းနဲ့ အချိန်ကုန်ခဲ့ရသည်မှာ ကျွန်မအတွက်တော့ အမှတ်တရ ဖြစ်ခဲ့ပါသည်။ ကျေးဇူးတင်ပါ တယ် ကိုသက်ဇင်ရယ်။

(အမှန်မှာ၊ ကျွန်တော်၏ ကနဦးအိပ်မက်များ ကျိုးကြေခဲ့ရခြင်းဟု စာဖတ်နေချိန်၌ သိနေခဲ့ပါသည်။ မည်သို့ပင်ဖြစ်စေ ဖေဖေနှင့်မေမေက သေသေချာချာမှာခဲ့ပါတယ်။ မင်းရဲ့ နှမလေးတစ်ဦးလိုလည်း ဆက်ဆံနိုင်အောင်ကြိုးစားပေးပါ။ ကလေးမလေးက ငယ်ငယ်က ဆိုရင်ယောကျ်ားလေးဖြစ်မလားလို့တောင် သူတို့မိဘတွေက စိုးရိမ်ခဲ့တာတဲ့။ ကြီးလာတော့ လည်း သူဘာသာသူပြင်ပြင်ဆင်ဆင်နေပေမဲ့ အပေါင်းအသင်းသိပ်မထားဘူးတဲ့။ ယောကျ်ားလေးသူငယ်ချင်းလည်း မရှိဘူးတဲ့။ ထို့ကြောင့် ကျွန်တော်လိုက်လျောနိုင် ခွင့်ပြုနိုင် ခဲ့ပါသည်။)

ယနေ့ကျွန်မတို့တိုက်ခန်းအသစ်သို့ ပြောင်းရွှေ့ခဲ့သောနေ့။ အစ်ကိုသက်သည် ကျွန်မအပေါ်အတော်အလိုလိုက်ချင်ပုံရသည်။ သူတို့အလုပ်ဌာန သူငယ်ချင်းများ လက်ဖက် ရည်ဆိုင်ထိုင်ရင်း၊ ဆိုင်ရှေ့သို့ကားဖြင့် လှည့်လည်ရောင်းသည့် ထီရောင်းသည့်ကားရှိရာမှ ထီလက်မှတ် (၂) အုပ်ကိုယူလာကာ သူတို့ထဲမှတစ်ဦးက ဘယ်သူထီထိုးမလဲဆိုသည့် အမေးကိုအစ်ကိုသက်တစ်ဦးတည်းကသာ ထီထိုးရန် ဆန္ဒပြုခဲ့သောကြောင့် ထီနှစ်အုပ် ယူလာသူကိုယ်တိုင်ကလည်း အစ်ကိုသက်တစ်ဦးတည်းကို ထီထိုးခွင့်ပြုခဲ့ရာက မင်္ဂလာ စုံတွဲ သိန်း(၂၀၀) ကျော်ထီပေါက်ခဲ့ပါသည်။ ထီပေါက်ခြင်းမှရသောငွေဖြင့် တိုက်ခန်းဝယ် ယူခဲ့ပါသည်။ တိုက်ခန်းရှိတေသာ တိုက်မှာ ၅ထပ်တိုက်ဖြစ်ပြီး တစ်ထပ်လျှင် ၄ အိမ် ထောင်စုသာရှိသောကြောင့် အားလုံးထောင့်ခန်းချည်းသာ ဖြစ်သည်။ ကျွန်မတို့က ဒုတိယ ထပ်ဖြစ်ပါသည်။ ကျွန်မအား မင်္ဂလာလက်ဆောင်အဖြစ် သဘောထားပါဟူ၍ ဝယ်ပေး ခဲ့ရာ ဒီတစ်ခုကိုမှု သူ့ကို ကျေးဇူးတင်ဖြစ်ခဲ့ပါသည်။

ကျွန်မသည် ညဘက်အိပ်မပျော်ပါက ဝရန်တာဘက်သို့ထွက်၍ ပြင်ပလေညင်း တိုက်ခတ်ခြင်းကို အရသာခံကာ ရပ်နေတတ်ပါသည်။ ဒီနေ့ညဦးပိုင်းတုန်းကလည်း

mgyoe.com

ထုံးစံအတိုင်း ကျွန်မကတိုက်ခန်း၏ဝရန်တာတွင် ထွက်ရပ်နေခဲ့သည်။ အချိန်က မိုးကင်း၏ ညဆယ်နာရီ သံချောင်းသံကြားပြီးကာစ ဖြစ်သည်။ သူသည်ကျွန်မပခုံးလေးကို အသာ အယာပင် လက်တင်၍ဖက်လိုက်သည်။ ဘေးတိုက်မော့ကြည့်လိုက်သောအခါ သူကပြုံးပြ သည်။ "အေးနေပြီ ထား"လို့ ပြောလိုက်သည်ထင်သည်။ သတိရသည့်အခါ သူ၏ပခုံးအား မှီနွဲ့မိလိုက်သည်ထင်သည်။ သတိရသည်အခါ သူ၏ပခုံးပေါ်၌ကျွန်မ၏ပါးက၊ ကပ်နေ သည်။ ကျွန်မနေဦးမယ်။ ကိုသက်အိပ်ချင်အိပ်ပါတော့လို့ မရည်ရွယ်ဘဲ ကျွန်မပြောလိုက် မိသည်။ သူတကယ်ဆိုလျှင် ကျွန်မသူပြောမည့်စကားများကိုသာလျှင် အသာအယာနား ထောင်နေလိုက်လျှင် ဘယ်လောက်ကောင်းလိုက်မည်မလဲဟူ၍ ဒီစာရေးနေချိန်၌ အထူး နောင်တရမိသည်။ သူအိပ်ခန်းထဲသို့ ပြန်ဝင်သွားချိန်၌ ကျွန်မ အထီးကျန်စွာ ကျန်ရစ်ခဲ့ သည်။ သူ့အနေဖြင့်လည်း အကယ်၍ စကားမရှိစကားရှာကာ ဆက်နေလိုက်လျှင်လည်း ကျွန်မက သူ့ကို ဖွတ်ငြင်းဆန်ပစ်မိလိမ့်မည်မထင်ပါ။

(ကျွန်တော်နားမလည်နိုင်သော အချက်ဖြစ်သည်။ ကျွန်တော်တို့၏ မင်္ဂလာဦးည ကို ငြင်းဆန်ခဲ့ချိန်ကကဲ့သို့ နားမလည်ခြင်းဖြစ်သည်။ လိုက်လျောခြင်းနှင့် ငြင်းဆန်ခြင်းတို့ သည် ကျွန်တော့်အတွက် မမျှော်လင့်သည့်အချိန်တွေချည်း ဖြစ်ခဲ့သည်။ ထိုတစ်ည၌လည်း ကျွန်တော့်ကျောဘက်ကိုနောက်မှ အသာယာဖက်ကာ၊ အစ်ကိုသက် အိပ်ပျော်နေသလားဟု တုန်ရင်တိုးတိတ်သောအသံနှင့်မေးခဲ့ပါသည်။ သူမသည်လည်း ကျွန်တော့်ကဲ့သို့ အိပ်မပျော် ဘဲ ဖွတ်နှစ်အိပ်သည့်အချိန်မျိုးရှိပါသလားဟု သိလိုက်သည်။ ထိုည၌ ကျွန်တော်သည် သူမကို တန်ဖိုးထား၍လက်ထပ်နိုင်ခဲ့သည်မှာ မှန်သည်ဟူ၍ ကိုယ့်ကိုယ်ကိုယ် ကျေးဇူးတင် စွာ နားလည်နိုင်ခဲ့ပါသည်။)

ကျွန်မအထင်မှားနေတာလည်းဖြစ်မည်။ ကိုသက်ဇင်သည်၊ ကျွန်မနှင့် ပြောစရာ စကားမရှိသလို သွေးအေးနေသည်ဟု ကျွန်မထင်သည်။ မေမေပြောခဲ့သော အကြောင်း အရာများတွင် လင်ချစ်မယားချစ်ဆိုတာ အိမ်ထောင်ကျပြီး လင်ရယ်မယားရယ်လို့ ပေါင်း သင်းသွားကြရင် သံယောဇဉ်ဖြစ်ပြီး ချစ်ခင်သွားနိုင်ကြပါတယ် သမီးရယ်ဟုအထပ်ထပ် ပြောခဲ့သည်။ ကျွန်မသည်သူ့ကို မိတ်ဆွေတစ်ဦးထက်ပို၍ ကျွမ်းဝင်လိုခြင်းမရှိသည်ကို တွေ့ရသည့်အခါ၊ ကျွန်မကိုယ်ကျွန်မ လိုအပ်ချက်ရှိနေသော မိန်းမတစ်ယောက်များ ဖြစ်နေ လို့လားဟုပင် ကိုယ့်ကိုယ်ကိုယ် သံသယဝင်လာပါသည်။ ကျွန်မတို့ ပျော်ရွှင်ချမ်းမြေ့မှု မဖြစ်ဘူးလားဟုလည်း မေးခွန်းမေးကြည့်ပါသည်။ ကျွန်မသည် ဖေဖေတို့ မေမေတို့နှင့် ဆက်၍ အလုပ်တူလုပ်နေရလို့လားမသိ။ ဖေဖေတို့မေမေတို့ဆီ၌ နေရသောရက်များသည်

လွတ်လပ်ပေ့ါပါးနွေးထွေးသောရက်များဟု ကျွန်မထင်နေမိသည်။ ကျွန်မ ကိုသက်ဇင်ကို အားနာနေသည်။ ကျွန်မနှင့်အတူနေရသော ရက်များသည်၊ အိမ်ထောင်သည်များ၏ စိတ်ဆန္ဒများ ဖြေဖျောက်ရန်သက်သက် အတူတူနေနေသောရက်များလားဟု ထင်လာပြီး၊ ကျွန်မသည် သူ၏စိတ်ဆန္ဒဖြေဖျောက်ရန် ပစ္စည်းသက်သက်ဖြစ်နေသလားဟူ၍၊ တွေးသင့်သလား မတွေးသင့်သလား မသိဘဲ ကျွန်မတွေးမိနေခြင်းဖြစ်သည်။ သူမရှိလျှင် ကျွန်မနေတတ်နိုင်ပါမည်လား။ ကျွန်မသည် ကျွန်မအလုပ်ထက်ပို၍ သူနှင့်အတူ နေထိုင်ရခြင်းကို မပျော်ရွှင်နိုင်တာကိုတဖြည်းဖြည်းတွေ့လာရသည်။ ဖိုမ သဘာဝနေကြရသည့် သဘောများကို အသက်အရွယ်အရ ကျွန်မသိပါတယ်။ သူ့ကို သတိထားကြည့်သော်လည်း ထိုအရာများတွင် ကျွန်မထက်ပို၍စိတ်အားထက်သန်ခြင်းမရှိဟု ထင်မိလာသဖြင့် သူလည်း ကျွန်မကဲ့သို့ပင်၊ ပျော်ရွှင်မှုမရှိဘဲ နေလေရော့သလားဟု ကျွန်မတွေးလာမိသည်။

(ကျွန်တော့်ကို ထိုသို့တွေးမိနေခြင်းကို သိလာရချိန်သည် ထား၏ ဖေဖေနှင့်ပြည်ပ မှဆေးကုသပြီး ပြန်လာပြီး (၆) လခန့်အကြာ၌ဖြစ်ပါသည်။ ဤစာအုပ်ကို ရသည့်အချိန်၌ သူမဖခင်၏ အခြေအနေမှာပိုမိုဆုတ်ယုတ်နေချိန်ဖြစ်ပါသည်။ ထို့ကြောင့် သူမ၏အတွေး များကို ကျွန်တော်သိရသည်မှာ နာနာကျင်ကျင်ဖြင့်ပင် ကျွန်တော်ကျေနပ်ခဲ့ပါသည်။ ကျွန်တော်က သူ့ကိုတန်ဖိုးထားသည်။ သူအလုပျက်မှာကိုလည်းစိုးတယ်။ သူသည်မိဘ အိမ်နှင့် ကျွန်တော်တို့အိမ်ကို ကူးချည်သန်းချည်နေနေသော်လည်း အဝ မဖက်၊ အလု မပျက်ဘဲ ရှန်းလက်နေသော သူ၏ဟန်အမူအရာများကိုလည်း ကျွန်တော်နှစ်သက်လာခဲ့ ကြောင်းဝန်ခံပါသည်။ သူစိတ်မချမ်းသာမှာကိုလည်း စိုးရိမ်လာပါသည်။ သို့သော် ထိုအရာ များကိုမူ သူမအား ဖွင့်မပြောမိခဲ့ပါ။ ကျွန်တော်သည် နောင်တဆိုတာ စကားလုံး၏ အဓိပ္ပာယ်ကိုသိလျက်ဖြင့် မျိုချပစ်ခဲ့ပါသည်။)

ကျွန်မဖေဖေ၏ ရောဂါကိုကုသရန်၊ စင်ကာပူသို့သွားရမည့် ကိစ္စပေါ်လာချိန်တွင် သူသည် ရန်ကုန်၌မရှိဘဲ မန္တလေးဘက်သို့ခရီးထွက်ရန် ကိစ္စပေါ်ပေါက်နေခြင်းကို ကျွန်မ ခံစားရသည်။ တကယ်ဆိုရင် ဤခရီးစဉ်အဆင်ပြေရေးကို စတင်လုပ်ဆောင်စဉ်က သူ၏ စိတ်ရောကိုယ်ပါ ကူညီမှုကြောင့်ပင် အဆက်အသွယ်များရကာ ယခုလို ဆေးကုသွားမည့် ခရီးစဉ်ဖြစ်လာရခြင်းဟုလည်း ဆိုရပါမည်။ သွားချိန်နီးခါမှ ကိုယ်တော်ချောက ခရီး ထွက်သွားခြင်းကိုမူ ကျွန်မနားမလည်နိုင်တော့ပါ။

ကျွန်မတို့ပြန်ရောက်ခဲ့ပါပြီ။ စိတ်ကျေနပ်အားရအောင် ဆေးကုသမှုခံယူခဲ့ပါသည်။ သို့သော် ဖေဖေ၏ ကံကြမ္မာပဲ ဖြစ်မည်။ ကျွန်မတို့ထင်သည်ထက် ဖေဖေ၏ရောဂါက

mgyoe.com

ပိုကျွမ်းခဲ့သည်ဟုဆိုသည်။ (၂)နှစ်ကျော်ကာလ ဆေးကုသရန်သာရှိသည်။ ကိုယ်တွင်း ရောဂါအမယ်စုံသဖြင့်၊ တစ်ခုကုစားလိုက်လျှင် အခြားတစ်ခုကထပ်၍ ကုစားရန်တန်းစီ နေသည်ဟုဆိုသည်။ ဖေဖေက တရားရှိသည်။ ဤသို့သိရှိရသောကြောင့် ဘဝ၏ နောက်ဆုံးခရီး၌မည်သို့နေရထိုင်ရမည်၊ ကြိုးစားအားထုတ်ရမည်ကို သိရှိရသည်။ ဝမ်းသာ စရာကိစ္စဟူ၍ ဖေဖေကပြောသည်။

ဖေဖေ့ရောဂါအခြေအနေများကြောင့် စိတ်ဆင်းရဲရသည့်အထဲ၌၊ ကိုသက်ဇင်က ကျွန်မကိုအားပေးစကားမျှပင် မပြောခဲ့သဖြင့် ဝမ်းနည်းရသည်။ တစ်ဦးကိုတစ်ဦး စကား ပြောဆိုဆက်ဆံနေရခြင်းအပေါ်တွင် သက်သာပေါ့ပါးမှုများ အဘယ်ကြောင့်မှန်းမသိ၊ ပျောက်ဆုံးနေခဲ့သည်။

(စာအုပ်တစ်အုပ်လုံးတွင် ဤအရာများကို စိတ်အထိခိုက်ဆုံးသော စာသားများ အဖြစ်၊ ကျွန်တော်ထပ်တလဲလဲဖတ်ဖြစ်ခဲ့သည်။ ကျွန်တော့်လက်ထဲသို့ ဤစာအုပ်ကလေး ရောက်ခဲ့သည်မှာ၊ "ထား"နှင့်သူ၏ ဖေဖေ ဆေးကုသမှုခံယူပြီးအပြန်အလှန်နောက်ပိုင်းမှ ဖြစ်သည်။ ကျွန်တော်တို့ အိမ်ထောင်သက်(၆)နှစ်စွန်းစွန်းသို့ရောက်ချိန်၌ဟူ၍ အမှတ်မထင် စွာ ကျွန်တော်သတိပြုမိခဲ့သည်။ ထိုစာအုပ်ရရှိပြီး တစ်နှစ်ကျော်အထိ ကျွန်တော်တို့သည် ပုံမှန် အနေအထားအတိုင်းတစ်ဦးအရိပ်အကဲ တစ်ဦးသတိထားကာ ပေါင်းသင်းဆက်ဆံ ဖြစ်ခဲ့ပါသည်။ ထို့နောက် သူမ၏ ဖခင်ကွယ်လွန်သွားခဲ့ပါသည်။ သူမ၏ဖခင်ကွယ်လွန် ပြီးနောက်ပိုင်း၊ အိမ်နေရက်က တစ်ပတ်ဆယ်ရက်ထက်မများဘဲ၊ သူမ၏မိဘများထံ၌သာ အလုပ်တစ်ဖက်နှင့် အနေများလာခဲ့သည်။ အလုပ်နှင့် တစ်ဖက်နေရခြင်းအတွက် ကျွန်တော်စိတ်ကွက်ခြင်း၊ စိတ်ပျက်ခြင်းမဖြစ်ခဲ့ပါ။)

*

## (၄)

နောက်နေ့၏ နေ့လယ်အချိန်သည် လျင်မြန်စွာပင် ရောက်ရှိလာခဲ့ပါသည်။ ထား နှင့် အတူ ဦးကြီးကောင်းလည်းပါလာလေသည်။ ကျွန်တော်သည် နံနက်စောစောထ၍ သူမအတွက်ပါ နေ့လယ်စာချက်ထားပါသည်။ အကယ်၍မစားဖြစ်ပါက ကျွန်တော်၏ ညစာဖြစ်နိုင်ပါသည်။

တိုက်ခန်းအတွင်းမှ တံခါးကိုဖွင့်လိုက်သောအခါ ဦးကြီးကောင်းကို ရှေးဦးစွာမြင် ရသည်။ ဧည့်ခန်းထိုင်ခုံများဆီသို့ သူမက ဦးတည်သွားလေသည်။ ကျွန်တော့်မိဘများ

mgyoe.com

 mgyoe.com 

လည်းမရှိတော့သလို သူမ၏ဖေဖေနှင့်မေမေလည်း ဆုံးပါးကုန်ကြပြီဆိုတော့၊ စိတ်ရှုပ်စရာတွေပိုများလာတာလည်း ဖြစ်နိုင်သည်ဟု ကျွန်တော်တွေးထားပါသည်။

"အဆင်သင့်ပဲလား အစ်ကိုသက်"

တော်သေးသည်။ ကျွန်တော့်ကို အခေါ်အဝေါ်ပြောင်းလဲ၍ မခေါ်သေး။

"ထားကို တစ်ခုပဲတောင်းဆိုချင်လို့ပါ"

"ပြန်ပေါင်းဖို့ ဖျောင်းဖျစကားတော့ မတောင်းဆိုစေချင်ဘူး"

အိမ်ခန်းထဲသို့သွား၍ စာချုပ်များကို ယူလာကာ မျက်နှာချင်းဆိုင်ထိုင်ကာ ထပ်မံ၍ ပြောလိုက်ပါသည်။

"ထား လိုက်လျောနိုင်မယ့်ကိစ္စကို တောင်းဆိုချင်တာပါ"

"ပြောကြည့်ပါ"

"ဒီမှာ ကွာရှင်းစာချုပ်(၂)စောင်ရှိပါတယ်။ တစ်စောင်မှာတော့ တို့လက်မှတ်ရေးထိုးထားပါတယ်။ ဒါကထား ကျေနပ်အောင် တို့လိုက်လျောမယ်ဆိုတဲ့ ကတိတစ်ဝက်ဖြစ်ပါတယ်။ (၆)လစောင့်ပေးပါထား။ တို့စိတ်ထဲမှာ ဖြစ်နိုင်ပြီဆိုတဲ့ ဒီအတောအတွင်းမှာ ဦးကြီးကောင်းနဲ့အတူ ကွာရှင်းစာချုပ်တွေကိုပေးလိုက်ပါမယ်။ ဒီအတောအတွင်းမှာ အိမ်မှာထားမနေနိုင်တော့ပေမဲ့ ပိုနေမြဲ ကျားနေမြဲလေး၊ အနေအထားမပျက်အောင် ဦးကြီးကောင်းကိုလည်း ဆက်ထားပေးပါ။ ပတ်ဝန်းကျင်အမြင်မှာ အပြောင်းအလဲဖြစ်မယ့် အမြင်မျိုးမရှိရအောင် နောက်ဆုံးအချိန်အထိ ထိန်းထားခွင့်ပြုပါထား။ ဒါလေးကိုတောင်းဆိုပါရစေ"

အချိန်အတော်ကြာအောင်ပင် တိတ်ဆိတ်သွားပါသည်။ သူမသည် ထိုင်ရာမှထကာ၊ ဝရန်တာရှိရာဘက်သို့ ထွက်သွားပါသည်။ ဝရန်တာတွင် ခေတ္တမျှငေးကာ ရပ်နေလေသည်။ ပြီးမှ အခန်းအတွင်းဝင်လာကာ မထိုင်တော့ဘဲ စကားဆက်ပြောပါသည်။

"ကောင်းပြီအစ်ကိုသက်၊ အစ်ကိုသက်ဆီက စာချုပ်တွေကို ဦးကြီးကောင်းနဲ့ပေးလိုက်တဲ့အချိန်မှာ အစ်ကိုသက်လည်း ဒီကနေပြောင်းသွားပြီးပြီလို့ ထား ယူဆလို့ရမလား"

"ရပါပြီထား"

"အိုကေ၊ ထား သဘောတူပါတယ်။ အစ်ကိုသက်၊ စီစဉ်စရာရှိတာ စီစဉ်ပါ။ ဟုတ်ပြီလား"

ပြန်မပြောဖြစ်တော့ပါ။ ထားကလည်းဆက်၍နားထောင်နေခြင်းမရှိပါ။ ဦးကြီးကောင်းကို အမူအရာဖြင့်ပြကာ ခေါ်လိုက်ပါသည်။ သူမ၏ နှုတ်ကမူ ဦးကြီးကောင်းအနေဖြင့် ကျွန်တော်အဆင်ပြေသည့်အချိန်ထိ ဆက်လက်နေထိုင်ပေးရန် ပြောလိုက်ပါသည်။

mgyoe.com

ဦးကြီးကောင်းက ခေါင်းညိတ်ရင်းမှ ကျွန်တော့်ကို နှုတ်ဆက်စကားဆိုပါသည်။

"ဆရာလေး၊ မနက်ဖြန်မှ လာတော့မယ်နော်"

ကျွန်တော်ခေါင်းညိတ်ပြလိုက်ပါသည်။ ထိုင်ရာမှထ၍ အပေါက်အထိ လိုက်ပို့ရမည်လား။ ဒီအတိုင်းကြည့်နေရမည်လား။ ဝေခွဲ၍မရမီအချိန်အတွင်းမှာပင် ထားနှင့် ဦးကြီးကောင်းတို့၏ အရိပ်အယောင်တို့မှာ ကျွန်တော့်မျက်စိရှေ့မှာမရှိတော့ပါ။ ထိုင်နေရင်းမှာပင် ဆို့နစ်နေသော ခန္ဓာကိုယ်ကို မယိမ်းမယိုင်အောင် တည့်မတ်နေရင်း သက်မလေပူကို ထုတ်ပစ်လိုက်ပါသည်။

*

(၅)

ထား

ဒီစာဖတ်နေတဲ့အချိန်ဟာ၊ တို့ရဲ့ ဆန္ဒတစ်ခုပြည့်ဝသွားတဲ့ အချိန်ပါပဲ ထား။ ထား ဖေဖေပြည်ပကို ဆေးကုဖို့ဖြစ်လာတဲ့နှစ်က၊ ဆေးလောကနဲ့ ပိုမိုနီးစပ်တဲ့ တို့အနေနဲ့၊ ကူညီဖို့ အခွင့်အရေးရပြီဆိုပြီး ဝမ်းသာခဲ့ရပါတယ်။ ဒါကြောင့် ထားသိထားသလိုပဲတို့လည်း စေ့စေ့စပ်စပ်လှုပ်ရှားပေးခဲ့ပါတယ်။ ထားတို့ ခရီးထွက်ခွာနီးမှာ တို့ခရီးထွက်သွားခဲ့တာကို ထားနားလည်ရခက်ခဲ့လိမ့်မယ်လို့၊ တို့သိပါတယ်။ ထား ဖေဖေအတွက် အစားထိုးဖို့ လိုအပ်တဲ့အသည်းလှူမယ့် Donar ဒိုနာ စုံစမ်းနေချိန်မှာ တို့တစ်တွေတစ်ယောက်နဲ့တစ်ယောက် စကားပြောချိန်မရှိလောက်အောင် ဖြစ်ခဲ့ကြတယ်။ ထားကိုယ်တိုင်လည်းအသည်း လှူဖို့ စမ်းသပ်ခဲ့တယ် မဟုတ်လား။ တို့လည်းတို့ လှူနိုင်မလား။ ဆိုပြီး တခြားတစ်ဖက်က တို့အသည်းကို စမ်းသပ်ဖြစ်ခဲ့ပါတယ်။

ဒီအတောအတွင်းမှာပဲ၊ ဒိုနာကိစ္စအဆင်ပြေသွားတယ် သိရပြီး၊ ထားအသည်းကတော့ အချက်အလက်မကိုက်ညီလို့ လှူလို့မရနိုင်ဘူး သိရပြန်တယ်။ ဘယ်လိုဖြစ်တာလဲလို့ တို့မေးခဲ့တယ်လေ၊ ထားဖြေခဲ့တယ်။ ဘာရောဂါမှမရှိဘူး၊ အသည်းရဲ့အခြေအနေတွေ အားလုံးလည်းကောင်းတယ်။ ဒါပေမဲ့ ထားဖေဖေရဲ့အသည်းက လက်ခံနိုင်တဲ့အချက်အလက်နဲ့ ထားအသည်းရဲ့အချက်အလက်တွေ မကိုက်ညီလို့မလှူနိုင်တာဆိုတာ

mgyoe.com

သိခဲ့ရတယ်။ ဘာပဲဖြစ်ဖြစ် တို့လည်းဝမ်းသာရတယ်။

တို့ကျတော့၊ စမ်းသပ်ရတဲ့အဖြေက တို့ရဲ့အသည်းမှာ အကျိတ်တွေ ရှိနေတယ်တဲ့။ ဒါနဲ့ တို့အပေါ် ဆွေမျိုးသားချင်းလို ဖြစ်နေတဲ့ အစ်ကို ဆရာဝန်ကြီးက မန္တလေးဆေးရုံမှာရှိတော့ တို့လည်း အသေးစိတ်သိလို တာနဲ့ မန္တလေးကို ခရီးထွက်ခဲ့ရတယ်။ စမ်းသပ်ပြီး ထားတို့ ပြည်ပမသွား မီပြန်ရောက်လိမ့်မယ် ထင်တာပေါ့။ ဒါပေမဲ့ ထင်သလိုမဖြစ်ခဲ့ဘူး။ မထင် တာတွေဖြစ်ခဲ့တယ်။ တို့ရဲ့ မှတ်ချျအိတ်လို့ခေါ်တဲ့ ကိုရီးယားဂျင်ဆင်း သဏ္ဍာန်နဲ့ ပုံစံတူတဲ့ အတွင်းအင်္ဂါမှာလည်း အကြိတ်တစ်ခုထပ်တွေ့ပြန် တယ်။ တို့အမြဲတမ်း ဖလန်နယ်အင်္ကျီလက်ရှည်ဝတ်ပြီး ညအိပ်တာ သတိပြုမိတဲ့ ထားက သူများတွေအိုက်နေတာ၊ ရှင်က ဘယ်လိုဖြစ်တာလဲ မေးခဲ့တယ်မဟုတ်လား။ တို့လည်း အဖြေမပေးနိုင်ခဲ့ဘူး။ အဲသလိုပဲ အကျင့်ပါနေလို့ပါလို့ ဖြေခဲ့တယ်လေ။ ခုတော့ အဖြေသိခဲ့ပါတယ်။ သိခဲ့တဲ့အဖြေကတော့ အလွန်နောက်ကျနေခဲ့ပြီထား။ ဘယ်သူမှ မဖြစ် ချင်တဲ့ ကင်ဆာအကျိတ်ဆိုတဲ့ အဖြေပါပဲ။ တို့ရဲ့ နောက်ဆုံးအချိန်ကာလ အထိ မှန်းဆနိုင်တဲ့ အဖြေပါရခဲ့ပါတယ်။

ဆေးပညာသဘောအရ ခန့်မှန်းတာက မှားတာလည်း ရှိနိုင်သလို မှန်တာလည်း ရှိနိုင်ပါတယ်။ အဖြေတစ်ခုခုကိုလက်ခံလိုက်တဲ့ ကာယကံ ရှင်က၊ သူလက်ခံတဲ့အဖြေရဲ့ အကောင်းအဆိုးကိုတော့ တာဝန်ယူနိုင်ရ မှာပေါ့။ တို့လည်း လက်ခံတဲ့အဖြေပေါ် တာဝန်ယူခဲ့ပါတယ် ထားရယ်။ ဒါနဲ့ပဲတို့ဟာ လူဆိုးကြီးဖြစ်အောင် နေခဲ့မိပါတယ်။ မှန်ပါတယ်။ ခုတင် တစ်ခုပေါ်မှာ နှစ်ယောက်အတူတူအိပ်ပြီး ချောက်ကမ်းပါးကြီး ခြားထား သလိုဖြစ်အောင် တို့နေခဲ့ပါတယ်။ တို့ကို စိတ်ပျက်သွားစေချင်ခဲ့တယ်။ လင်နဲ့မယားဆိုတဲ့ သံယောဇဉ်တွေ ပိုပြီးရစ်ပတ်မသွားစေချင်ခဲ့ဘူး။ ထား ရဲ့စိတ်ထဲမှာ၊ တို့မရှိလည်း ဘာမှမဖြစ်ဘူး ဆိုတဲ့ ဖြစ်တည်မှု၊ ဖြစ်ရှိမှုတွေ ပေါ်ပေါက်လာစေချင်ခဲ့ပါတယ်။

ထား၊ တို့ကို ကွာရှင်းဖို့ စာချုပ်လက်မှတ်ထိုးခိုင်းတဲ့အချိန်မှာ တို့စိတ် ထဲမှာ၊ မျှော်လင့်ထားခဲ့တဲ့ ကျေနပ်မှုတွေကို နာနာကျင်ကျင်နဲ့ ဖြစ်ခွင့်ရ လိုက်ပါတယ် ထား။ ဒါပေမဲ့ အချိန်ကာလဟာ (၆) လအတွင်း အဖြူ

ngyoe.com

အမည်းသိနိုင်တော့မယ်သဘောကို တစ်ဖက်မှာကြိတ်ပြီး ဆေးကုနေရင်း သိရှိခဲ့ပြီဆိုတော့၊ ထားကို (၆) လလောက် စောင့်ပေးပါ။ တို့ရဲ့ စိတ်ကို ပြတ်အောင်ဖြတ်ခွင့်ပြုပါလို့ ထားကို တောင်းပန်ခဲ့တာပါ။

ကျေးဇူးတင်ပါတယ် ထားရယ်။ ထား ဖေဖေတို့မေမေတို့ရဲ့ ဂုဏ်ကျေးဇူးတွေ၊ ရိုးဂုဏ်တွေ၊ တို့မိဘများရဲ့ ရိုးဂုဏ်နဲ့ကျေးဇူးတရားတွေဟာ၊ တို့နှစ်ယောက်အပေါ်မှာ များစွာ စူးနစ်နေခဲ့တာပါ ထား။ သူတို့ကို မျက်နှာမပျက်စေချင်ပါဘူး။ ထားကို တစ်ခုလပ်အဖြစ် ထားရစ်ခဲ့မှာကို သူတို့လည်း တမလွန်ကနေ သိကြမယ်ဆိုရင် ဝမ်းသာနိုင်ကြမှာ မဟုတ်ပါဘူး။

တို့အနေနဲ့လည်း ထားကို လင်သားဆုံးပါးပြီး ကျန်ရစ်နေခဲ့တဲ့ မုဆိုးမ တစ်ဦးအဖြစ်နဲ့သာ ချန်ရစ်ခဲ့ချင်ပါတယ်။ ထားရဲ့ အပြစ်ကင်းနေတဲ့ဘဝ ကို မေးခွန်းတွေရှိနေနိုင်တဲ့ တစ်ခုလပ်ဆိုတဲ့ အစွန်းအထင်းတွေနဲ့ ချန် မထားရစ်ချင်တဲ့ စိတ်ရင်းနဲ့ပါ ထားရယ်။ တကယ်တော့၊ တို့ ထားကို ချစ်ခဲ့ပါတယ်။ ပြောခွင့်ရရိုးနဲ့ အချိန်တွေကကြားထဲမှာ ပြောခွင့်မသာ တဲ့အချိန်တွေပဲ တိုးတိုးလာရင်း၊ ခုတော့ နိဂုံးချုပ်ခဲ့ပါပြီ။ နှုတ်က ဖွင့် မပြောရက်၊ ပြောမထွက်ခဲ့ပါဘူး ထား။

ဒီမျှလောက်ဆိုရင် အားလုံးကို ထား နားလည်နိုင်သွားပါပြီ။ ဒီအထိ ဖတ်ပေးခဲ့တဲ့ ထားရဲ့စိတ်ကိုလည်း ကျေးဇူးစကားဆိုပါတယ်နော်။ ပြီးပါပြီထား။

(သက်ဇင်)

ဒေါ်ထားသဇင်သည် ဦးကြီးကောင်းကို မေးလိုက်သည်။

"ဘယ်နေ့ကဆုံးတာလဲ၊ ဦးကြီးကောင်း"

"မနေ့ကဆုံးတာပါ။ သူ့မှာလည်းအရင်းအချာဆိုလို့ ရန်ကုန်မှာရော နယ်မှာရော မရှိတော့ မနေ့ကပဲ ရေဝေးကိုပို့ပြီး ဆေးရုံက ဆရာဆရာမတွေရဲ့ အကူအညီနဲ့ နေ့ချင်းပြီး သင်္ဂြိုဟ်လိုက်ပါတယ် မမလေး၊ ဒါကလည်း သူမှာကြားခဲ့တဲ့ သူ့ဆန္ဒအရပါ"

"တခြားဘာတွေမှာခဲ့သေးလဲ"

"ဒီစာအိတ်ကတော့ ဆရာလေးရဲ့ မိတ်ဆွေဆရာဝန်ကြီးက သင်္ဂြိုဟ်တဲ့ကိစ္စတွေ

mgyee.com

ပြီးမှ ကျုပ်ကိုခေါ်ပြီးပေးခဲ့တာပါ။ ဆရာလေးရဲ့ ဘဏ်မှာထားတဲ့ငွေကို ထုတ်ဖို့အတွက် ချက်လက်မှတ်နဲ့ ဆရာလေးရဲ့ ဘောပင်ကို ထည့်ထားပါတယ်တဲ့။ မမလေးအဆင်ပြေတဲ့နေ့မှာ ထုတ်ပါတဲ့၊ ထုတ်မယ့်ရက်စွဲ တပ်မထားဘူးလို့ သိရပါတယ်။ ဆရာလေးရဲ့စာကိုတော့ ဆုံးကာနီး ရက်ပိုင်းမှာမှ ပေးခဲ့တာပါ။ သူမရှိတော့မှ မမလေးဆီသွားပေးပါ။ သူဆုံးတာကိုလည်း သင်္ဂြိုဟ်ပြီးမှပြောပါလို့ မှာခဲ့ပါတယ်။ မမလေးလိုချင်တဲ့စာချုပ်တွေကိုတော့ သူနဲ့အတူပျောက်ကွယ်သွားပြီလို့ပဲ ပြောလိုက်ပါလို့၊ မှာခဲ့ပါတယ်"

ဒေါ်ထားသဇင်သည် ခေါင်းညိတ်ပြရင်း ဆက်၍ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ မျက်ရည်မကျအောင် ကြိုးစားနေတာလား။ မျက်ရည်မထွက်နိုင်လောက်အောင် မွန်းကျပ်ပိတ်လှောင်နေတာလားဟူ၍ ခွဲခြားသိရန်မလွယ်ကူသော အမူအရာမျိုးဖြစ်ပါသည်။

"ညနေမှ တစ်ခေါက်ပြန်လာတော့မယ် မမလေး"

"ဟုတ်ပါပြီ၊ နေ့လယ်ပိုင်းလောက်လာပါ ဦးကြီးကောင်း၊ ကျွန်မလည်း ရန်ကုန်လိုက်ခဲ့ပါ့မယ်"

ဦးကြီးကောင်းသည် ခေါင်းငိုက်စိုက်ဖြင့် အိမ်အပြင်သို့ တိတ်ဆိတ်စွာ ထွက်သွားလေသည်။

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း၊ နိုဝင်ဘာ၊ ၂၀၁၅

❑

mgyoe.com

mgyee.com

# ခေါင်းစည်းကြိုးလေးတစ်ခုရဲ့ တချွင်ချွင်မြည်သံ

ဖေယျာလင်း

သူမရဲ့ ဝါကျတွေနဲ့ပဲ သူမကို နားလည်အောင် ကျွန်တော် ကြိုးစားနေရတယ်။ သူမနဲ့ ကျွန်တော့်ရဲ့ ဆက်ဆံရေးအဖျားတိုင်း သာမိုမီတာဟာ သူမရဲ့ ဝါကျဖွဲ့ထုံးထဲ စကားလုံးတွေအတူ ယှဉ်၍ နေထိုင်ပုံ ဒါမှမဟုတ် ရုန်းရင်းဆန်ခတ်ဖြစ်နေပုံပေါ် အများကြီး ဖြစ်ပေါ်ပါတယ်။ ကျွန်တော့်ကို သူမရဲ့ ဝါကျထဲ ထည့်သွင်းထားသိုတာ ရှိသလို ကျွန်တော့်ကို ဝရုန်းသုန်းကားဖြစ်သွားစေတာလည်း သူမရဲ့ ဖွဲ့ထုံးလို့ ကျွန်တော် ထင်လာနေပါပြီ။ သူမရဲ့စကားလုံးတွေနဲ့ ကျွန်တော် ဘယ်လောက်အထိ ဆက်ဆံခဲ့မိပြီလဲ။ ဘယ်လောက်အထိ မေထုံလိုမှိဝဲ(ခံ) ခဲ့ပြီလဲ။

တစ်နေ့ကပဲ ဆရာမ အတန်းမဝင်လို့ ကျောင်းကန်တင်းစားသောက်ဆိုင်မှာ မိုးခိုသလို အတန်းပြေးသလို နီးစပ်မှု ပိုရယူဖို့ ကြိုးစားသလို ထိုင်ကြရင်း သူမက ဘာမဆိုင် ညာမဆိုင်နဲ့ "ရောက်ရှိနေတဲ့ အနေအထားကို ပြောချင်တယ်သိလား။ တူညီတာတွေ ရှာဖွေဖို့ပေါ့၊ ဆီလျော်တာတွေ ဆက်စပ်ဖို့ပေါ့၊ တစ်ခုနဲ့တစ်ခု ရောစွက်ပူးယှက်သွားဖို့ပေါ့၊ မဟုတ်လား။ အဆင်တစ်ခုကို တန်ဆာတစ်ခုဖြစ်လာဖို့ပေါ့၊ ဟုတ်လား" စကားတတ်တဲ့သူမ၊ စကားကပ်တဲ့ သူမ၊ စကားစပ်တဲ့ သူမ၊ စကားလုပ်တဲ့ သူမ၊ စကားကို ကာလဒေသထဲက မတ်ထလာစေတဲ့ သူမကို ကျွန်တော် တုန်ခါမှုအပြည့်ပေးလိုက်တယ်။ သူမအခိုင်အမာပြောတော့မှာကို သိလေ ကျွန်တော့်ခိုင်မာမှုဟာ ယိုယွင်းလျော့ရဲ့ ညွတ်ကျလာလေ။ ကော်ဖီကို စကားတစ်ငုံထဲ ထည့်သောက်လိုက်ပြီး နှုတ်ခမ်းကို ဝါစင်္ဂတစ်ခုမှာ

mgyee.com

 mgyoe.com 

ချိတ်လိုက်သလို သပ်လိုက်တယ်။ သပ်သပ်ရပ်ရပ်ပဲ။ စကားလုံးတွေမှာ အတွင်းအဓိပ္ပာယ်နဲ့ အပြင်အဓိပ္ပာယ်ရှိတယ်ဆိုတာ သိတယ်မလားလို့ တစ်ခါက ကျွန်တော့်မျက်လုံးထဲ ဘာသာဗေဒဓာတ်တိုက်မှုတစ်ခုလို သူမ ထိုးကျွေးခဲ့တာ။ သူမရဲ့စကားဟာ သူမရဲ့ ရုပ်ထွက်လာတတ်တာကိုလည်း အမှတ်မရမနေနိုင်ရေး။ "မေ့ကိုရော၊ မေ့ ဘာသာစကားကိုရော ကိုလိုနီပြုလို့ မရဘူးဆိုတာ သိထားသင့်တယ်နော်"

အဲသလိုပြောလေ၊ ကျွန်တော် လွတ်လပ်မှုလို့ထင်ရတဲ့ စိတ်အခြေအနေတစ်ခုဟာ ဒူးတုန်လာလေပဲ။ စိတ်ထဲပေါ်လာတာက ကျွန်တော်မရောက်ဖူးသေးတဲ့ ဒိုင်မင်းရှင်းတစ်ခု။ သူမ ပြောတတ်တဲ့ ချက်ကျလက်ကျ ဝါကျပြည့်တွေဟာ ကျွန်တော့်ကို ပိုင်းဆစိတ်မြွှာပြီးကွဲစေတာတော့ အမှန်ပဲ။ သူမရဲ့ စကားလုံးတစ်လုံးရဲ့ တစ်လုံးကြားမှာ လစ်ဟာချက်မရှိ။ အဓိပ္ပာယ်မဖြစ်စေတဲ့ အရာဘာမှမရှိ။ စကားသံရဲ့ ဒြပ်သားမှာပါ သူမရဲ့ ကိုယ်သင်းနံ့လေး ရေးထွင်းလို့။

"ရုပ်နေတာတွေကို တွန်းထိုးတာတော့ မဟုတ်ပါဘူးနော်။ ဗျည်းစဉ်ထဲ သရတွေပေးပြေးလွှားကစားကြတာပေါ့၊ ဝါကျရဲ့ ဘယ်အထွတ်အထိပ်မှာ နားလည်မှုပန်းပွင့်မလဲ၊ သြော်... ရှင်ရယ်။ "စကားရဲ့ အင်ဖရာစထရပ်ကျ်ချာဟာ တကယ့်ဘဝမှာ ထင်ဟပ်မှုလွဲချော်မှာလည်း စိုးရိမ်ရ။ ခေါင်းတစ်ဝက်ညိတ်ပြီး တစ်ဝက်ခါဖို့ကလည်း ခေါင်းတောင်ပျောက်သွားတာ။ "မဟုတ်လား"ဆိုတဲ့ တစ်ခွန်းမှာတင် အပြန်အလှန်စကားပြော(ဖို့ ကြိုးစားကြည့်ခြင်း) နံရံမှာ ဒေါင်ခနဲ ဒေါင်ခနဲ ဆယ်ပေတူနဲ့ ရိုက်သလို အကယ်၍များ ဝိဘတ်တစ်ခုကို နောက်မှာ ချိတ်ဆက်လိုက်ရင်လို့ တွေးဖို့မေ့ပြီး သူမရဲ့ ဖူးငုံနှုတ်ခမ်းကိုသာ အာသာကိုမေ့ပြီး ဘာသာစကားမဲ့ ငေးစိုက်ကြည့်နေရရုံနဲ့။ ပစ္စုပ္ပန်ကာလပြဝါကျကို အတိတ်ကာလပြဆီ ရွှေ့ပစ်လိုက်မှာကိုလည်း ကျွန်တော့်မှာ အနာဂတ်ဆိုတာထဲ ဘာမှမထိတွေ့ပဲ ရုန်းကန်။ ဝါကျကနေ ခွဲခွာခြင်းကို စလိုက်မလား။ ကျွန်တော့်ရဲ့ ယောကျ်ားဖြစ်မှုကိုတောင် မငဲ့ကွက်တော့ဘူးလား။ တယ်... ငါလုပ်လိုက်ရလို့ ကိုယ့်ဘက်စ အကြမ်းမဖက်မိဖို့။ မြားတွေလိုလာတဲ့ သူမရဲ့ ဝါကျတွေကို ကျွန်တော့်ဝါကျဟာ ရှောင်ဖယ်ဖို့ ကြိုးစားရင်း ကျွန်တော်ပြောလိုတာဟာ ကျွန်တော့်ကို ရှောင်ဖယ်သွားတော့တယ်။ စကားတွေဟာ ဘဝတွေဖြစ်လာကြမှာ ကျွန်တော့်မှာ အထိတ်တလန့်။

"အိုက်ကွန်တွေ မသုံးနဲ့၊ အီမိုးဂျီးတွေ မလိုချင်ဘူး၊ ရှင်စကားမတတ်ဘူးလား"လို့ အရှဏ်တစ်ဦးက ဖဘမှာ ပေါ်လာတုန်းက 'မဟုတ်ဘူးလေ၊ မင်းရဲ့ ကိုယ်စိတ်နှလုံး ထိခိုက်မှုပေါ် လျှပ်တစ်ပြက်ပြန်ဆိုလိုက်တာပါလို့၊ (ခနော်နီခနော်နဲ့) ပြန်ဖြေရင်း ဇာက်လာ

mgyoe.com

mgyoe.com

တာက "မေဟာ ဘာသာစကားနဲ့ ဘာသာစကားထဲနေသူပါ။ မေနဲ့ ဆက်ဆံလိုရင် ဘာသာစကားကိုပဲ သုံးစွဲပါ"ဆိုတော့ သင်္ကေတတွေကို သူမဖယ်ထုတ်ထားခြင်းလားပေါ့။ ပိုတိကျစေချင်တာဟာ ဘာဟာတိကျသလဲ။ "ဘာသာစကားကို ရှင် စိမ်းကားမယ်ဆိုရင် မေ့ဖြစ်တည်မှုကို ဒလိ(တ်)လုပ်လိုက်ပါတော့လေ"

ခက်တာက ဘာသာစကားချင်းတောင် မနီးစပ်နိုင်တဲ့အဖြစ်။ လှပသော၊ ကျက်သရေရှိသော၊ လိုရင်းတန်းရောက်စေသောတွေဟာ "ပြောခဲ့ကြတဲ့ စကားအချို့ဟာ အရွယ်တစ်ခုရောက်လာတော့ စဉ်းတီတုံးပေါ် ကပ်ကျန်နေတဲ့ လရဲ့ အသည်းတစ်ဖတ်လိုပဲနော်"မှာ ကျွန်တော်ဒိန်းရတော့တာပေါ့။ ဒိန်းဒိန်းဒိန်းဒိန်း ကျွန်တော့် ရုပ်နာမ်ခန္ဓာတစ်ခုလုံးဟာ ဒိန်းတော့တာပဲ။ ဒိန်းဂျား။ ဘာတဲ့၊ 'လရဲ့အသည်းတစ်ဖတ်' ရင်ထဲနစ်ကျွံ နာကျင်လိုက်ရတဲ့ နားထဲဝင်တဲ့ နကျယ်တစ်ကောင်။ ရင်ထဲက ဝေါဟာရပကာသနီက လွဲလို့ ဘယ်ဘာသာဗေဒသီအိုရီက ထွက်လာမှာမို့လို့လဲ။

ဟင့်အင်း။ သူမနဲ့ ကျွန်တော်ကိုယ်လက်နှီးနှောခွင့် မရှိသေးပါဘူး။ ကျီစယ်သလို ကြိုးစားသလိုတော့ လေထဲ ကျွန်တော့်မျက်နှာဆီ ရုတ်တရက် ပျံ့လွင့်လာခဲ့တဲ့ သူ့ဆံပင်တွေကို ပွင့်လင်းမြင်သာစွာ နမ်းရှုပ်လိုက်တာတော့ ရှိတာပေါ့။ တရုတ်စစ်မှုဗေဒ တေဒဂ်ဆွမ်ဇူးရဲ့ နည်းဗျူဟာတစ်ခုပေါ့။ တွေ့ကြုံခံစားမှုကို ဘာသာစကားနယ်ပယ်ထဲ သူမကောက်ထည့်တတ်တဲ့အတိုင်း။ "မလွှဲမရှောင်သာတဲ့ ဝေါဟာရချိတ်ဆက်မှုပေါ့"တဲ့။ "ဒါနဲ့၊ ဘာသာစကားဖွဲ့စည်းမှုရဲ့ အဆင့် ၅ ဆင့် ရှင်ဘယ်လောက်သိလဲ"တဲ့။

"အကြောင်းအရာ သယ်ဆောင်တဲ့ ဝေါဟာရတွေကို လုပ်ငန်းဆောင်ရွက်မှုစကားလုံးတွေက ချိတ်ဆက်ပေးထားတာ ရှင်သိသလား" တဲ့။ မြွေပွေးမ ငါ့ကိုကိုက်လည်း သေပလိုက်မယ်ဟာဆိုပြီး...။ ဝါကျကဏ္ဍတွေမှာ ကျွန်တော်မှင်တက်မိသွားရင်း "ရှင်နဲ့စကားပြောရတာ တစ်ခါတစ်ခါ ကျွန်မနှုတ်ခမ်းတွေ အဓိပ္ပာယ်မှာ ညပ်နေမိတယ်"

အခါတစ်ပါး၌ အခွင့်အရေးသင့်ပြီဟု ဆုံးဖြတ်ပြီး သူမရဲ့ရုပ်ခန္ဓာကို ကျွန်တော်၏ ရုပ်ခန္ဓာနှင့် လူမှုရေးခွင့်ပြုချက်ထက် အနည်းငယ် မပို၏သို့ ပို၏သို့ ထိတွေ့လိုက်ရာဝယ် "ရှင့်မှာ တုတ်ကောက်ရှိတယ်ဆိုပါစို့။ ရှင့်တုတ်ကောက်နဲ့ မေ့လည်ပင်းကို ဆွဲချိတ်ထားချင်လို့လားဟင်"လို့(ဟု) သူမဟာ အရမ်း 'မ' ဆန်သွားပြီး ကျွန်တော်ဟာ အရမ်း 'ဖို' များဆန်သွားသလားလို့ သူမပြောတဲ့ ကျွန်တော့် တုတ်(ကောက်)ကို ကျွန်တော်ရုပ်ရှင်မှာဆို fade out လုပ်ချလိုက်တယ်ပေါ့။ တဖြည်းဖြည်းနဲ့ ဝေဝေဝါးဝါးကနေ ဝေးဝေးဝါးဝါး ဖြစ်သွားအောင်။ ဝါးချင်စိတ်တော့ မပျောက်ဘူးရယ်။ အဖေက ပြောတယ်၊ သား

mgyoe.com

mgyoe.com


မင်းဆွဲစေလိုက်တဲ့။ မင်း အမေကိုလည်း အဲသလိုပဲ ငါရခဲ့တာတဲ့။ အဖေ့တုန်းက အာဏာဟာ အမှန်တရားခေတ်၊ ဖိုဝါဒဟာ လိုတာရခေတ်လေ။ ကြည်အေးရဲ့ 'သစ္စာသစ်'ကို ပွန်းလို ဖတ်ခဲ့တဲ့ခေတ်လေ။

> အရေးအသား၏အကြောင်းအရာသည် ရေးသားခြင်း၏ဇာတ်နှင့် နက်ရှိုင်းလာသည်နှင့်အမျှ ပို၍ကြွယ်ဝလာရသည်။ စကားလုံးတစ်လုံးသည် နောက်စကားလုံးတစ်လုံးကို မွေးဖွားရန်၊ သူ့တွင်းမှ သူကိုယ်တိုင်မသိသော အရာတစ်ခုကို ထုတ်လွှတ်ခြင်းဖြင့်သာလျှင် စွမ်းဆောင်နိုင်ခြင်းဖြစ်သည်။ ယင်းထုတ်လွှတ်ခြင်းသည် သဏ္ဍာန်အမျိုးမျိုး ဆောင်နိုင်သည်။

အထိတ်တလန့်ဖြစ်ခဲ့ရသော အကျိုးဆက်။ သူမရဲ့ ဖွဲ့ထုံးဗေဒဘယ်ကလာသလဲ။ သူမကို ကြိုးစားရမည်ဆိုလျှင် ကွက်လပ်ထဲမှန်ကန်သော နာမဝိသေသန ထည့်တတ်ဖို့ စကားဖြတ်ထုံးမှာ အံကိုက်သာဓကထည့်တတ်ဖို့။ အို... မေ။ အို... မေ။

"မေ့စိတ်ရဲ့ အလျဉ်ကို ရှင်ဖမ်းနိုင်တဲ့ အခိုက်ပေါ့"

သဟဇာတသံဝါသကို သကြားထွက်ကုန်စစ်လေခြင်း၊ နှယ်။

တစ်ခုတော့ ပြောရမယ်။ ဝါကျဖွဲ့စည်းခြင်းတွေဟာ ကျွန်တော့်လောကအသိအမြင်ကို ပြောင်းလဲသွားစေတယ်။ "မတော်တဆကို တော်ရုံတန်ရုံ ဆလို့မရဘူးနော်"တဲ့။ "မတော်တဆကို တော်ရုံတန်ရုံ စလို့မရဘူးနော်"တဲ့။ (အသံရွေး ပုံမှ စကားလုံးရွေးပုံသို့ တစ်ဆင့်အဓိပ္ပာယ်ရွေ့ပုံ)။ စကားလုံးတွေရဲ့ အရပ်အဓိပ္ပာယ်ဟာ သူမရဲ့ ဝါကျထဲပညာတတ်ဆန်ဘီလေချင်း။ "လိင်နဲ့လိမ်ဟာ သံတူကြောင်းကွဲဆိုတာ ရှင်သိမှာပေါ့နော်"တဲ့ ကျွန်တော့်ရဲ့ စကားလုံးဆိုင်ရာ ဌာန်းကရိုဏ်း မသိခြင်းကို ကစား တတ်ဘိချင်း။ သူမ,ပြောလိုက်ရင် ကျွန်တော့်မှာ အံ့ကြီးဟာ တသြပဲ။ လိုချင်းကိုသွားဖို့ ကျွန်တော့်ခိုင်းနှိုင်းမှုတွေဟာလည်း ဘာသာစကားရဲ့ လုပ်ငန်းဆောင်တာဖြစ်သွားတော့။ ဖြစ်ချင်တော့။

မနေ့က ရုပ်ရှင်ရုံက ထွက်လာတော့ ရုတ်တရက်မိုးရွာချလိုက်တော့ ကျွန်တော့်ထီးကို ကျွန်တော်ဖွင့်ပြီး သူမဘက်ပိုဆောင်းပေးလိုက်တော့ "ကြည့်ရမ်းကြည့်ရမ်း၊ အလိုတွေကို ဗျူဟာပေါင်းစုံသုံးပြီး ချင်းနင်းဝင်ရောက်ချလိုက်တာလား၊ ပြန်မရနိုင်တော့မယ့် အရာကို ကြိုတင်လွမ်းပြနေတာလား" 'ဗျူဟာ'။ 'ချင်းနင်းဝင်ရောက်'စတဲ့ တိုက်ခိုက်သိမ်းပိုက်ခြင်းနဲ့ မကင်းတဲ့ ဂယက်အနက်တွေကို သူမမို့ 'ပြန်မရနိုင်တော့'ကို 'ကြိုတင်'နဲ့ 'လွမ်း'ချိတ်

ဆက်လိုက်တဲ့ ဝါကျထဲမှာ ကျွန်တော် 'နေတာလား'ဆိုတာကို သူမ,လုပ်လိုက်ပုံ။

စီးဆင်းခြင်းလည်း တစ်နည်းမဟုတ်တစ်နည်းရှိ၊ အနားသတ်ဟာလည်း တစ်ရပ်တစ်နေရာတစ်ချိန်တစ်ကာလမှာ စောင့်ကြိုနေဘိသကဲ့သို့ သူမရဲ့ လက်ကို ကျွန်တော် ဆုပ်ယူချိတ်တွဲပစ်လိုက်မိတယ်။ ကဗျာဆရာ၊ ဆရာမတွေရဲ့ နိမိတ်ပုံတွေ ဘာလုပ်ရမှာလဲ။ "ဒီနည်းနာကို ရှင် အဆုံးစွန်အထိ ဆက်ဆွဲသွားလို့ရတယ်။ ဒါပေမဲ့ ကာလဟာ ဝါကျတွေကို လှည်းကျင်းတယ်။ လောလောဆယ်တော့ ဒီဘက်နားတိုးပေးလိုက်စမ်းပါရှင်ရယ်"

❑

mgyoe.com

# မျက်နှာတွေကို သေချာကြည့်

ထွန်းဝေမြင့်

တက္ကသိုလ်လှမူးနဲ့ ကျွန်တော်က ဇာတိရပ်ရွာ အတူတူတွေမို့ တစ်မြေတည်းနေ တစ်ရေတည်းသောက်တွေ ပြောလည်းရသည်။ ရန်ကုန်ကို ရောက်လာကြတော့လည်း အစွန်အဖျားမြို့သစ်တွင် နေကြသူတွေ။ တစ်ရပ်ကွက်တည်း နေကြသူတွေ၊ လူနေမှု အဆင့်အတန်းကလည်း 'သူမသာ၊ ကိုယ်မသာ'။ တက္ကသိုလ်လှမူးက ကျွန်တော့်ထက် သာတာ ပြောရမလား။ ရန်ကုန်မှာ အိမ်ထောင်ကျကာ ဇနီးမယား၊ သမီးသားနှင့် ဖြစ်နေပြီ။ ကျွန်တော်က လူပျိုလူလွတ်။ ဒီတော့ သူ့အိမ်သို့ ကျွန်တော်က အရောက်အပေါက်နည်းကာ ကျွန်တော့်အိမ်သို့သာ သူက ရောက်ရောက်လာတတ်သည်။

ကျွန်တော့်အိမ်မှာက စာအုပ်များ၊ ပန်းချီကားများဖြင့် ပြည့်နှက်နေသည်။ ဧည့်ခန်းတွင် မိန်းမတစ်ဦး ပြုံးပြနေသော ပန်းချီကားကို ကျွန်တော် ချိတ်ဆွဲထားသည်။ ကမ္ဘာကျော် ပန်းချီကား 'မိုနာလီဇာ'။ ထို မိုနာလီဇာ ပန်းချီကားကို ကျွန်တော် ကူးယူရေးဆွဲထားခြင်း ဖြစ်သည်။ ကျွန်တော့်အတွက် ထိုနက်ရှိုင်းသော အပြုံးသည် ရိုးမသွားခဲ့။ ယနေ့ထက်တိုင် သက်ရှိတစ်ဦးလို ပြုံးပြနေခဲ့သည်။ ထို ၁၅၀၃ ခုနှစ်မှ အပြုံးမျိုး ယနေ့ထက်တိုင် မတွေ့မြင်ဖူးခဲ့။

တက္ကသိုလ်လှမူးက ကျွန်တော့်အိမ်သို့ ရောက်လာပြီး ကျွန်တော် ရေးဖွဲ့သော မဂ္ဂဇင်းပါ ကဗျာများကို ယူဖတ်တတ်သည်။ ကျွန်တော် ရေးဆွဲသော ပန်းချီကားများကို သူကြည့်သည်။ ပြီးလျှင် စိတ်ကူးတည့်ရာ၊ စိတ်ထင်ရာတွေ ပြောတတ်သည်။ ခုလည်း

mgyoe.com

ကျွန်တော့်အိမ်သို့ ရောက်လာကာ ကျွန်တော့်မျက်နှာကို လက်ညှိုးလေးပျော့ပျော့ထိုးပြီး "ဟောဒီ ချစ်ကိုကြီးဟာ မြန်မာပြည်က လူဦးရေ သန်းခြောက်ဆယ်ရဲ့ မျက်နှာတွေကို ကြည့်ပြီး အလုပ်လုပ်တတ်တဲ့ လူကြီးပေါ့ ဟုတ်တယ်နော်"

သူက ကျွန်တော့်ကို 'အစ်ကိုကြီး' ရယ်လို့သာ ပုံမှန်ခေါ်တတ်ပြီး 'ချစ်ကိုကြီး' ရယ်လို့ အထူးပြု ခေါ်လာပြီဆိုလျှင်တော့ ပိုက်ဆံချေးတော့မည်ဆိုသည်ကို ကျွန်တော် ရိပ်စားမိလိုက်ပြီ။

ဩော်... မောင်လှမူးဟာ စာပေကဗျာ အနုပညာတွင် မွေ့လျော်ကြည်နူးတတ်သူလေးပါ။ သူ့ငယ်ချစ်မှာ 'ကဗျာ' ပဲဖြစ်သည်။ ကျောင်းသားဘဝကတည်းက ကဗျာတွေရေးခဲ့သည်။ အိမ်ထောင်မကျမီအထိ ကဗျာတွေ ရေးခဲ့သည်။ မဂ္ဂဇင်း၊ ဂျာနယ်မှာ ကဗျာလေးငါးခြောက်ပုဒ်ပါဖူးသည်။ သူ့ကလောင်အမည် တက္ကသိုလ်လှမျိုး။ ဒါပေမဲ့ မူးတတ်ရူးတတ်သူမို့ 'တက္ကသိုလ်လှမူး' ဖြစ်သွားသည်။ အိမ်ထောင်ကျသွားပြီဆိုတော့ ပင်ကို ရှိရင်းစွဲ ကဗျာဓာတ်ကလေး ခန်းသွားသည်။ သားကျွေးမှု၊ မယားကျွေးမှု တာဝန်တွေနှင့် သူ့ငယ်ချစ်ကဗျာနှင့် ဝေးခဲ့ရသည်။ သေရည်သေရက်ကိုတော့ မစွန့်လွှတ်နိုင်။ လူပျိုတုန်းကလို အသောက်မကြမ်းတော့သော်လည်း လစ်ရင်လစ်သလို သောက်တတ်သည်။

"တက္ကသိုလ်လှမူးရေ... မင်းပြောတဲ့ ပြည်သူသန်းခြောက်ဆယ်ရဲ့ မျက်နှာတွေကို ကြည့်ပြီး အလုပ်လုပ်တတ်တဲ့ လူကြီးဆိုတဲ့ စကားကိုတော့ ကြိုက်သွားပြီကွာ။ ဟုတ်တယ်ကွ။ ငါတို့ တစ်ယောက်မျက်နှာတွေကို တစ်ယောက် စေ့စေ့ကြည့်ပြီး အလုပ်လုပ်ကြရမယ်ကွ။ ပြည်သူသန်းခြောက်ဆယ်ရဲ့ မျက်နှာတွေကို မကြည့်ဘဲ ဥပေက္ခာပြုနေသူတွေက အခွင့်အာဏာရနေကြရင် မခက်ပေဘူးလား"

"ဟုတ်ကဲ့ပါ ချစ်ကိုကြီး၊ ညီလေးမျက်နှာကိုလည်း သေသေချာချာ ကြည့်ပါဦး။ ဒဏ်ရာဒဏ်ချက်တွေကို မြင်ရဲ့မဟုတ်လား။ အဲဒါ ချစ်ကိုကြီးကို ရင်ဖွင့်ချင်လို့ လာခဲ့တာပါဗျာ"

"လှမူးရာ ငါ့ဆီ လာရင်ဖွင့်လို့ ဘာအကျိုးထူးမှာလဲ။ မင်း ရင်ဖွင့်ရမှာက နိုင်ငံတော်သမ္မတကြီးဆီ သွားပြီးရင်ဖွင့်ရမှာကွ။ ဝန်ကြီးတွေ၊ စစ်ဗိုလ်ကြီးတွေဆီ သွားပြီး ရင်ဖွင့်ရမှာကွ။ လွှတ်တော်ထဲက အမတ်မင်းတွေဆီသွားပြီး ရင်ဖွင့်ရမှာကွ။ ငါ့လို ကဗျာဆရာဆီ လာပြီး ရင်ဖွင့်တာ လွဲနေသလားလို့"

"ဒုက္ခပါပဲဗျာ။ အဲလိုဆိုရင် ကျွန်တော့်ကို လက်ပတ်နီတွေက ရိုက်မှာပေါ့"

"ဒါမှမဟုတ်လည်း မှန်ရာကို သစ္စာဆိုပါမည်။ ဘုရားသခင်ထံ တိုင်တည်ဖူးပါသည်

mgyee.com

ဆိုသလို ဘုရားသခင်ထံသာ သွားပါလေတော့ မောင်လှမူး”

“ချစ်ကိုကြီးကတော့ လုပ်ပြီဗျာ။ ညီလေး မျက်နှာကို သေသေချာချာ ကြည့်စမ်းပါဦးဗျာရယ်”

“မင်းမျက်နှာ သေသေချာချာကြည့်လိုက်တော့ ပါးကြီးတစ်ခြမ်းရောင်နေတာ တွေ့ရတယ်။ အရက်ဖောကလည်း ဖောလို့ရယ်”

ငါ လူတွေရဲ့မျက်နှာတွေကို ကြည့်ရတာ စိတ်ဝင်စားပါတယ်ကွာ။ ဒါပေမဲ့ အရက်ဖောဖောနေတဲ့ မျက်နှာတွေကိုတော့ မကြည့်ပါရစေနဲ့။ အနှိမ်ခံ၊ အနင်းခံလူတွေ၊ အနိုင်ကျင့်ခံနေရတဲ့လူတွေ၊ သူတို့မိသားစုတွေရဲ့ မျက်နှာတွေကိုတော့ ကိုယ်ချင်းစာစိတ်အပြည့်နဲ့ ကြည့်နေခဲ့ပါတယ်။

လောကမှာ ဒုက္ခရောက်နေတဲ့လူတွေရဲ့ မျက်နှာတွေကို မကြည့်လိုဘူး၊ မမြင်လိုဘူးဆိုတဲ့ လူမျိုးတွေလည်း ရှိနေမှာပါပဲ။ ငါတို့ကတော့ အောက်ဆုံးက၊ နောက်ဆုံးက လူတွေရဲ့ မျက်နှာတွေကို ကြည့်ခဲ့၊ မှတ်ခဲ့ရတာပဲလေ။ သာမန်ပြည်သူတွေရဲ့ မျက်နှာ။ မေတ္တာရှင်၊ ကရုဏာရှင်တွေရဲ့ မျက်နှာ။ အတွေးအခေါ်ရှင်တွေရဲ့မျက်နှာ။ အနုပညာရှင်တွေရဲ့မျက်နှာ။ လူတော်လူကောင်းတွေရဲ့ မျက်နှာတွေကိုလည်း တွေ့ခဲ့၊ မြင်ခဲ့ သိမှတ်ခဲ့ရပါတယ်။

ငါတို့ဟာ ဗုဒ္ဓဘာသာဝင်တွေမို့ ဗုဒ္ဓဘုရားရှင်ရဲ့ ကြည်လင်ငြိမ်းချမ်းတဲ့ မျက်နှာတော်ကိုလည်း ဖူးမြော်ကြည်ညိုကြရတယ်။ ဗုဒ္ဓမြတ်စွာ တောထွက်တော်မူပြီး ဒုက္ကရစရိယာကျင့်တော်မူစဉ်က မျက်နှာတော်။ ဓမ္မစကြာတရားဦး ဟောတော်မူတဲ့ မျက်နှာတော်။ ပရိနိဗ္ဗာန် ပြုတော်မူတဲ့ မျက်နှာတော်... ဗုဒ္ဓဘုရားရှင်ရဲ့ မျက်နှာတော်ကို ငါတို့ ညစဉ်ဖူးမြော်ကြည်ညိုကြရတယ်။

ပြီးတော့ ငါတို့နေထိုင်တဲ့ ရပ်ကွက်ကလူတွေရဲ့ မျက်နှာတွေကိုလည်း ငါ အလွတ်ကျက်မှတ်မိနေပါတယ်ကွာ။ ရပ်ကွက်ထဲက ဆင်းရဲနွမ်းပါးသူတွေရဲ့ မျက်နှာ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ သူတို့အဖွဲ့က လူတွေရဲ့မျက်နှာ။ ကျောင်းသားလူငယ်တွေရဲ့မျက်နှာ။ သက်ကြီးဝါကြီးတွေရဲ့မျက်နှာ။ ပြီးတော့ မင်းတို့ အရက်ဖြုံသောက်တဲ့ အုပ်စုရဲ့မျက်နှာ။ နှစ်လုံး၊ သုံးလုံးချဲထိ လောင်းကစားလုပ်သူတွေရဲ့မျက်နှာ။ ပြီးတော့ သူတော်စင်ယောင်ယောင်လူတွေရဲ့ မျက်နှာ။ ဒီလိုမျက်နှာများစွာကို ဖတ်ပြီး တို့တိုင်းပြည်ရဲ့ အနာဂတ်ကိုလည်း ဖတ်ကြရမှာပေါ့ကွာ။

“ချစ်ကိုကြီးရယ်၊ ညီလေးလာရင်းကိစ္စကိုလည်း ပြောပါရစေဦး”

“မင်းလာရင်း ကိစ္စ ငါသိပြီးသားပါကွာ၊ ပိုက်ဆံချေးမလို့ မဟုတ်လား”

mgyoe.com

mgyoe.com

"ဟုတ်တော့ ဟုတ်ပါတယ်။ ခုဟာက ရှာပြန်ချင်လို့ လမ်းစရိတ် လာချေးတာပါ။ ကိစ္စက ကျွန်တော့်ကလေးတွေ ပညာရေးအတွက်ပါ။ အကြီးမက ရှစ်တန်းတက်ရတော့မယ်လေ။ ကလေးနှစ်ယောက် ကျူရှင်ထားဖို့ကိစ္စ မိန်းမက တဂျီဂျီလုပ်လွန်းလို့ ညက ကျွန်တော်တို့ စကားများကြရင်း နပန်းသတ်တဲ့အဆင့် ရောက်သွားတယ်အစ်ကို။ အဲဒါ ရှာပြန်ပြီး မိဘတွေဆီ ကျူရှင်စရိတ် သွားတောင်းမလို့။ ကလေးတွေ ပညာရေးအတွက် အဘိုးအဘွားတွေဆီသွားပြီး လက်ဖြန့်ရမှာပဲအစ်ကို။ အဲဒါ ရှာပြန်ဖို့ လမ်းစရိတ်ကလေး ချေးပါဦး"

"အေးပါကွာ။ ပညာရေးကိစ္စဆိုတော့လည်း ချေးလိုက်ပါ့မယ်။ ဒါပေမဲ့ စောစောက ပြောလက်စ စကားတွေကိုတော့ မင်းနဲ့ ဆွေးနွေးချင်သေးရဲ့"

"ဆွေးနွေးပါအစ်ကို၊ ဆွေးနွေးပါ၊ ဘာတဲ့ မျက်နှာတွေအကြောင်း မဟုတ်လား"

"အေး ဟုတ်တယ်။ မင်းကော ဒီအသက်အရွယ်အထိ ဘယ်လိုမျက်နှာမျိုးတွေဟာ စိတ်ဝင်စားစရာ အကောင်းဆုံးဖြစ်မလဲ။ နိုင်ငံခေါင်းဆောင်တွေ မိန့်ခွန်းပြောတဲ့မျက်နှာတွေကို ကြည့်ဖူးသလား"

"အစ်ကိုဆရာ... ကျွန်တော် အမှန်အတိုင်းပြောရရင် ကျွန်တော့်မိန်းမမျက်နှာကို ကြည့်နေရတာနဲ့ တခြားမျက်နှာတွေအပေါ် အာရုံမရောက်တော့ပါဘူး။ မိန်းမမျက်နှာ ကြည့်နေရတယ် ဆိုတာကလည်း ဒီလိုပါ။ ကြင်စဦး အိမ်ထောင်ကျစတုန်းတော့ မိန်းမမျက်နှာဟာ ကြည့်လို့မဝ၊ ရှုလို့မငြီး ဖြစ်ခဲ့ရပါတယ်။ အခုများတော့ မိန်းမမျက်နှာကို စိတ်ပျက်လက်ပျက် ကြည့်နေရတဲ့ဘဝကို ရောက်ခဲ့ရပါပြီအစ်ကို။ ဒါပေမဲ့ သားလေးနဲ့သမီးလေးရဲ့ မျက်နှာလေးကိုကြည့်ပြီး ကိုယ့်ဘဝကိုယ် နှစ်သိမ့်နိုင်ခဲ့တာပေါ့ အစ်ကို။ အစ်ကိုပြောတဲ့ နိုင်ငံ့ခေါင်းဆောင်တွေ မိန့်ခွန်းပြောနေတာတော့ မကြည့်ဖြစ်နိုင်သေးပါဘူးအစ်ကို"

"အေး... လောလောဆယ် ပြည်သူတစ်ဦးကို နိုင်ငံခြားကြွေးမြီ ငါးသိန်းလောက် တင်နေတယ်ဆိုတာလည်း မမေ့နဲ့ဦး။ မင်းတို့မိသားစုက လေးယောက်ဆိုတော့ အကြွေး သိန်းနှစ်ဆယ် တင်နေတယ် ကိုယ့်လူ။ တို့နိုင်ငံသားတွေရဲ့ ပစ္စက္ခမျက်နှာကတော့ အကြွေးတင်နေတဲ့ မျက်နှာတွေပေါ့ကွာ"

"ဒုက္ခပါပဲအစ်ကိုရာ... ကျွန်တော်တို့ ဘယ်တော့များမှ အသက်ရှူချောင်တော့မှာလဲ"

"လောလောဆယ်တော့ အသက်ရှူလေ့ကျင့်ခန်းတွေ လုပ်ပေးပေါ့ကွာ။ ပြီးတော့ အရက်မဖြတ်နိုင်ဘူးဆိုရင်တောင် အရက်သောက်တဲ့အချိန်ကို လျှော့ချလိုက်ပါ။ တစ်ပတ် ၇ ရက်ခြားပြီး အရက်သောက်ရင် ပိုက်ဆံလည်း အကုန်သက်သာမယ်။ ကျန်းမာရေးအတွက်

mgyoe.com

mgyoe.com

လည်း ပိုကောင်းမယ်။ ဆိုးတာက မင်းတို့သောက်နေတဲ့ အရက်တွေဟာ အရည်အသွေး မပြည့်မီတဲ့အပြင် လူကို ဆိုးဆိုးရွားရွား ဒုက္ခပေးနိုင်တဲ့ ဓာတုပစ္စည်းတွေနဲ့ အရက်ချက်နေကြတာပဲ။ ဒီတော့ အရက်ဖြတ်နိုင်ရင်တော့ အကောင်းဆုံးပါပဲ။ အရက်ဖြတ်လိုက်တော့ ကဗျာရေးချိန်၊ စာရေးချိန်လည်း ပိုရလာမယ်။ စာဖတ်ချိန်လည်း ရလာမယ်။ တို့ရပ်ကွက်မှာ စာကြည့်တိုက်လည်း ရှိနေတာပဲ"

ကျွန်တော်သည် တက္ကသိုလ်လှမူး လိုအပ်နေသည့် ငွေကြေးအချို့ကို ချေးငှားလိုက်ပြီးနောက် လဆန်းရက်ဖြစ်သဖြင့် ရပ်ကွက်ဝန်ဆောင်မှု လစဉ်ကြေး၊ နာရေးကူညီမှု လစဉ်ကြေး၊ ရေမီတာခနှင့် ရေစက်မောင်းခ လစဉ်ကြေး၊ စာကြည့်တိုက်လစဉ်ကြေး၊ ဟိုကြေးဒီကြေးများကို တစ်ရက်အတွင်း ပြီးပြတ်အောင် ပေးချေလိုက်သည်။

တစ်ရက်အတွင်း ထိုသို့သော ရပ်ကွက်အသင်းအဖွဲ့များမှ လူများစွာ၏ မျက်နှာများကို ကြည့်ပြီး စကားပြောခဲ့ရသည်။ ရပ်ကွက်အတွင်း အလှူခံအမျိုးမျိုးကလည်း နေ့စဉ်နေ့တိုင်းလိုလို လာတတ်သဖြင့် အလှူခံသောအဖွဲ့မှ လူကြီးလူငယ်၊ ရဟန်းသံဃာများစွာ၏ မျက်နှာများစွာကိုလည်း ကြည့်ခဲ့ရသည်။

ဒီနေ့ ဖုန်းပြုပြင်သည့်ဆိုင်သို့လည်း ရောက်သည်။ ကျွန်တော့်ဖုန်း (Ring Tone) အသံမထွက်၊ အသံမပြည် ဖြစ်နေသဖြင့် ကိုယ့်ရပ်ကွက်အတွင်းမှ မျက်နှာသိ ဖုန်းဆိုင်ကို ပြကြည့်သည်။

ဖုန်းပြုပြင်သူမှာ အသက်လေးဆယ်ကျော် လူလတ်ပိုင်းဖြစ်သည်။ ကျွန်တော့်ဖုန်းမှာ အသုံးပြုသည်မှာ ကြာပြီဖြစ်သဖြင့် ချွတ်ယွင်းနေပြီ။ တစ်ရက်လောက် အချိန်ပေးပြုပြင်ရမည်။ မနက်ဖြန်မှ လာယူပါ။ ပြုပြင်ခ ခုနစ်ထောင် ကျမည်တဲ့။ ဖုန်းပြင်သည့်ပုဂ္ဂိုလ်၏ မျက်နှာကို ကျွန်တော် အသေအချာကြည့်သည်။ လူချင်းမခင်သော်လည်း တစ်ရပ်ကွက်သားချင်းဖို့ မြင်နေတွေ့နေကျ။ သူ စကားပြောပုံက လေးလေးဖင့်ဖင့်။ ကျွန်တော့်ကို အကန့်အသတ်ဖြင့် ဆက်ဆံနေပုံမျိုး။ ကျွန်တော် သူနှင့် ဖုန်းမပြင်ဖြစ်။ သို့ဖြင့် ဟိုဘက်ရပ်ကွက်မှ ဖုန်းဆိုင်သို့ ကျွန်တော် သွားပြဖြစ်သည်။ ဒီဖုန်းဆိုင်က အသက်နှစ်ဆယ်ကျော်လူငယ်။ ကျွန်တော်နှင့် မျက်နှာသိတော့မဟုတ်။ ကျွန်တော့်ဖုန်းကို စစ်ဆေးပြီး...

"ဦးလေး ဖုန်းက ကောင်းပါသေးတယ်။ ခုဖြစ်တာက ဆော့ဖ်ဝဲလ် (Software) က ဖြစ်တာ။ ဆော့ဖ်ဝဲလ်ကို အသစ်လဲရုံပဲ။ နာရီဝက်လောက် စောင့်ပါ။ ပြုပြင်ခကတော့ လေးထောင်ကျပါတယ်"

ထိုလူငယ်၏မျက်နှာနှင့် ပြောစကားကို ကျွန်တော် ကြိုက်သည်။ ထိုလူငယ်နှင့်

mgyoe.com

ကျွန်တော့်ဖုန်းကို ပြုပြင်လိုက်တော့ မူလအခြေအနေထက်ပင် ပိုကောင်းသွားသည်။ လူငယ်သည် ဖုန်းအခြေအနေကိုလည်း အမှန်အတိုင်းပြောသည်။ ဖုန်းပြုပြင်ချိန်ကိုလည်း အမှန်အတိုင်း ပြောသည်။ ဖုန်းပြင်ခကလည်း ကျွန်တော့်ရပ်ကွက်မှ ဖုန်းပြင်သူထက် လျော့နည်းသည်။ ကျွန်တော်နှင့် တစ်ရပ်ကွက်တည်းနေသူ၊ မျက်နှာသိ ဖုန်းပြင်ဆရာကတော့ ဖုန်း၏ အခြေအနေကိုလည်း အမှန်မပြော။ ဖုန်းပြင်ချိန်ကိုလည်း ခက်ခဲသည်ထင်အောင် အချိန်တစ်ရက်ယူထားသည်။ ဖုန်းပြင်ခကလည်း ခုနစ်ထောင်တောင်းသည်။

ညရောက်တော့ TV ဖွင့်သော် နိုင်ငံတော်သမ္မတကြီး၏ တစ်လတစ်ကြိမ် မိန့်ခွန်းကို ကျွန်တော် နားထောင်ဖြစ်သည်။ ကြည့်ဖြစ်သည်။ သမ္မတကြီး၏ မိန့်ခွန်းအဓိပ္ပာယ်ကိုသာမက သမ္မတကြီး၏ စကားပြောဟန်၊ လေသံအတိုးအကျယ်၊ အဖြတ်အတောက်ကို ကျွန်တော် ဂရုစိုက်သည်။ လူတစ်ဦးနှင့်တစ်ဦး မတူညီသည့် ဝမ်းခေါင်းအတွင်းမှလာသော ပင်ကိုသံ။ ထိုပင်ကိုသံ၏ သဘောသဘာဝမှတစ်ဆင့် ပင်ကိုစရိုက်၊ ပင်ကိုအတွင်းသဘော အဇ္ဈတ္တကို ကျွန်တော် စူးစမ်းနေမိသည်။

အသံကို နားထောင်ရင်း သမ္မတကြီး၏ မျက်လုံးများကို ကျွန်တော် အသေအချာကြည့်သည်။ မျက်လုံးက လူတစ်ဦးတစ်ယောက်၏ အတွင်းသဘောအမှန်ကို မှန်းဆရလွယ်ကူသည်။

သမ္မတကြီး၏ မျက်ခုံးမျက်လုံး၊ နှာတံကျပုံ၊ နှုတ်ခမ်းအနေအထား၊ နားရွက်ထွက်ပုံများကို ကျွန်တော်ကြည့်သည်။ မျက်နှာကြွက်သားများနှင့် ဦးနှောက်ပိုင်း၊ ဦးခေါင်းပိုင်း အနေအထားများကို ကျွန်တော် စေ့စေ့စပ်စပ် ကြည့်နေမိသည်။

ကျွန်တော့်အိမ်ဧည့်ခန်း TV ဘေးနံရံပေါ်တွင် ကျွန်တော် နှစ်သက်သဖြင့် ကြိုးစားပမ်းစား ကူးယူရေးဆွဲထားသည့် ပြုံးနေသော မိုနာလီဇာပန်းချီကား ရှိနေသည်။

ရုပ်ရှင်တေးကဗျာ၊ ဇွန်၊ ၂၀၁၅

❑

mgyoe.com